ကြေးမုံ
The Mirror

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၊ တနင်္လာနေ့ (21-5-2012) (၇၁၂၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(RCSS/SSA)တို့၏ ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးဆွေးနွေးပွဲ ကျင်းပ

နေပြည်တော်　　မေ　　၂၀

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(RCSS/SSA)တို့၏ ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဆွေးနွေးပွဲကို မေ ၁၉ ရက် နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံရိပ်သာ၌ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းနောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထွန်းဦး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီးကျော်စိုးဝင်းတို့ တက်ရောက်ကြပြီး ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) အဖွဲ့မှ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီဥက္ကဋ္ဌ ဦးယွက်စစ်နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့အပြင် အဆိုပါဆွေးနွေးပွဲသို့ ပြည်တွင်း/ပြည်ပမှ သတင်းထောက်များ၊ မီဒီယာများ၊ စာနယ်ဇင်းများ တက်ရောက်၍ သတင်းရယူကြသည်။

ဆွေးနွေးပွဲမစတင်မီ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီဥက္ကဋ္ဌ ဦးယွက်စစ်တို့သည် ဆွေးနွေးပွဲခန်းမအတွင်း၌ ရင်းနှီးခင်မင်စွာ လက်ဆွဲနှုတ်ဆက်ကြသည်။

ထို့နောက် ဆွေးနွေးပွဲအား စတင်ကျင်းပရာ ပထမဦးစွာ ဗိုလ်ချုပ်ကြီးစိုးဝင်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA)တို့၏ ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးဆွေးနွေးပွဲ ကျင်းပစဉ်။

(သတင်းစဉ်)

ပုသိမ်-မုံရွာလမ်းပေါ်ရှိ ရွှေစမ်းချောင်းတံတား တည်ဆောက်ပြီးစီး၍ မကြာမီဖွင့်လှစ်မည် လမ်းမကြီးနှင့် လမ်းပေါ်ရှိတံတားများ ရေရှည်တည်တံ့ခိုင်မြဲရေး အပိုင်းလိုက်တာဝန်ခွဲဝေထိန်းသိမ်း

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ပုသိမ်-မုံရွာလမ်းပေါ်ရှိ မကြာမီဖွင့်လှစ်မည့် ရွှေစမ်းချောင်းတံတားကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော်　မေ　၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် မေ ၁၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်-ပန်းတင်လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းအပိုင်း၊ ကျောက်ပန်းတောင်း-ငွေးချို-ချောက်-ဆိပ်ဖြူလမ်းအပိုင်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပုသိမ်-မုံရွာလမ်းပေါ်ရှိ ရွှေစမ်းချောင်းတံတားစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကာ တံတားကြီးကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အောင်မြင်စွာ တည်ဆောက်ပြီးစီးပြီဖြစ်၍ မကြာမီဖွင့်လှစ်နိုင်ရန် စနစ်တကျ စီမံဆောင်ရွက်ကြရန်၊ ပုသိမ်-မုံရွာလမ်းမကြီးကို မိမိတို့လက်ထက်တွင် ပြီးစီးအောင်မြင်အောင် တည်ဆောက်နိုင်ခဲ့သဖြင့် လမ်းမကြီးနှင့် လမ်းပေါ်ရှိတံတားများ ရေရှည်တည်တံ့ခိုင်မြဲအောင် လမ်းအပိုင်းအလိုက် တာဝန်ခွဲဝေထိန်းသိမ်းသွားကြရန်၊ ဆိပ်ဖြူမြို့နှင့် လမ်းမကြီးကို ဆက်သွယ်ပေးသည့် ဆိပ်ဖြူ-ကစွန်းမ-ဆော-ကန်ပက်လက်လမ်းကိုလည်း ရာသီမရွေး သွားလာနိုင်သည့် အမာခံလမ်းဖြစ်အောင် ဖောက်လုပ်ရန်နှင့် ပခုက္ကူ၊ စလင်း၊ ပွင့်ဖြူ၊ မင်းဘူး စသည့်မြို့များသို့ ဆက်သွယ်သည့် လမ်းများကိုလည်း အစဉ်ကောင်းမွန်နေအောင် ဘီအိုတီလုပ်ငန်းရှင်များနှင့် ဆောက်လုပ်ရေးဝန်ထမ်းများက ပြုပြင်ထိန်းသိမ်းသွားကြရန် မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၄ သို့ ❍

ကြေးမုံ စာတည်းရှုထောင့် ၂၁-၅-၂၀၁၂[တနင်္လာနေ့]။

‘ပြယုဂ် သို့မဟုတ် ပြရုပ်’

နိုင်ငံအတွက်သော်လည်းကောင်း၊ မြို့အတွက်သော်လည်းကောင်း၊ နိုင်ငံသူနိုင်ငံသား၊ မြို့သူမြို့သားများအတွက်သော်လည်းကောင်း အကောင်းဆုံးသော ပြယုဂ်များသည် ဂုဏ်ယူဖွယ်ဖြစ်သည်။ တစ်ချိန်သော ကာလက ကျွန်ုပ်တို့အားလုံးအတွက် ဂုဏ်ယူဖွယ်‘ပြယုဂ်’များ အမြောက်အမြားရှိခဲ့၏။ ထိုဂုဏ်ယူဖွယ်ရာများသည် မမေ့နိုင်ဖွယ်ရာများသာဖြစ်သည်။ ထိုအရာများမှာ ယခုအခါ အချို့အခိုင်အမာတည်ရှိနေဆဲဖြစ်၏။ အချို့မှာ အမည်ခံ ‘ပြရုပ်’များ အဖြစ်သာရှိ၏။ အချို့လည်း လုံးဝကွယ်ပျောက်သွားပြီဖြစ်ပါသည်။

တစ်ချိန်ကဖြစ်ထွန်းခဲ့သည့် ပြယုဂ်များအနက် ထင်ရှားသောပြယုဂ်များမှာ အများပြည်သူတို့နှင့်သက်ဆိုင်သာ အရာဌာနများသာဖြစ်သည်။ အကောင်းဆုံးသော ပြယုဂ်အဖြစ် စံသတ်မှတ်မှုကို မိမိနိုင်ငံသားများသာမက နိုင်ငံတကာမှပါ အသိအမှတ်ပြုခဲ့သောအရာများ ဖြစ်၏။ ထိုစံနှုန်းပြယုဂ်များကို နိုင်ငံအတွက်သာမက နိုင်ငံသားအားလုံးပါ အလိုရှိကုန်၏။

ဥဒါဟရုဏ်ဆောင်သော် ရန်ကုန်မြို့ကို သက်သေတည်၏။ တစ်ချိန်သောကာလက ရန်ကုန်မြို့သည် အရှေ့တောင်အာရှတွင် နေချင့်စဖွယ် အကောင်းဆုံးမြို့တစ်မြို့ဖြစ်ခဲ့၏။ ထိုမြို့တွင်ပင် အကောင်းဆုံးပြယုဂ်များရှိခဲ့၏။အရှေ့တောင်အာရှ၏ အကောင်းဆုံးစာရင်းဝင်နေရာဌာနများမှာ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်၊ ရန်ကုန်မင်္ဂလာဒုံလေဆိပ်၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်မြို့ ဦးဝိစာရလမ်း၊ သမ္မတရုပ်ရှင်ရုံစသည်တို့ဖြစ်၏။ အခြားအခြားသောနေရာဌာနများလည်း အမြို့မြို့တွင် ရှိဦးမည်ဖြစ်သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ အထူးပြောဖွယ်မရှိ ယနေ့ထက်တိုင် ကမ္ဘာ့အလယ်တွင် အထင်အရှား တည်ရှိလျက်ရှိ၏။ မင်္ဂလာဒုံလေဆိပ်၊ ရန်ကုန်တက္ကသိုလ်၊ ဦးဝိစာရလမ်း၊ သမ္မတရုံတို့သည် အရှေ့တောင်အာရှတွင်သာမက အာရှတွင်ပါ အကောင်းဆုံးစာရင်းဝင်နေရာများဖြစ်ခဲ့၏။ သို့သော် ထိုနေရာဌာနများမှာ ယခုအခါ အကောင်းဆုံးစာရင်းမဝင်တော့သည့် ပြယုဂ် (သို့မဟုတ်) ပြရုပ်များအဖြစ် ကျန်ရှိနေဆဲဖြစ်၏။ ယင်းတို့ကို သက်ဆိုင်ရာတို့က ဆက်လက်ထိန်းသိမ်းသည်လည်းရှိ၏။ မထိန်းသိမ်းနိုင်တော့သည်လည်းရှိ၏။ ထိန်းသိမ်း၍ရသည်လည်း ရှိ၏။

ယင်းတို့သည် နိုင်ငံ့ဂုဏ်ကိုဆောင်သကဲ့သို့ အများပြည်သူအတွက် ဂုဏ်ယူဖွယ်၊ အကျိုးရှိဖွယ်ရာများဖြစ်၏။ ခေတ်အဆက်ဆက် ဖြတ်သန်းလာခဲ့ရသော ခရီးလမ်းတစ်လျှောက်တွင် ထိန်းသိမ်းမြှင့်တင်စောင့်ရှောက်ရန်မှာ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်၏။

ရုပ်ရှင်ရုံကဲ့သို့သောအရာမှာ ခေတ်ကာလအရ ကျန်ခဲ့မည်ဖြစ်သော်လည်း ကျန်အရာဌာနများမှာ ထိန်းသိမ်းမြှင့်တင် မြင့်မားတိုးတက်အောင်ပြုလုပ်လျှင် အခွန့်ရှည်တည်တံ့ခိုင်မြဲမည်ဖြစ်၏။ မင်္ဂလာဒုံလေဆိပ်ကို နိုင်ငံတော်က အပြည်ပြည်ဆိုင်ရာလေဆိပ်အဖြစ် အဆင့်မြှင့်တင်ခဲ့ရာ နိုင်ငံတကာ အကောင်းဆုံး စာရင်းမဝင်သော်လည်း ထိုက်သင့်သည့်အဆင့်သို့ မြင့်မားခဲ့၏။ ရန်ကုန်တက္ကသိုလ်၏ ကုံကော်ပန်းနှင့် စိန်ပန်းတို့ကိုမူ ယနေ့ကျောင်းသားငယ်များ မမြင်တွေ့နိုင်တော့။

အမျိုးသားအမွေအနှစ်သည် အနာဂတ်အတွက် မျှော်လင့်ချက်ဖြစ်သကဲ့သို့ ဂုဏ်ယူမြတ်နိုးဖွယ်ရာများလည်း ဖြစ်သည်။ ယခုအခါ ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးမှုပြုပြင်ပြောင်းလဲရေးအတွက် နိုင်ငံတော်က လမ်းညွှန်လျက်ရှိနေပါ၏။ ထိုအထဲတွင် ပြည်သူလူထု၏မြတ်နိုးဂုဏ်ယူဖွယ်ရာ အရာဌာနများအတွက် မျှော်လင့်ချက်ရောင်ခြည်ဖြစ်၏။

လွမ်းမောအောက်မေ့စရာများသည် ပြည်သူလူထုအတွက် မျှော်လင့်ချက်ဖြစ်၏။ မမေ့နိုင်စရာနေရာများသည် ပြည်သူလူထုအတွက် စိတ်နှလုံးချမ်းမြေ့စေသကဲ့သို့ နိုင်ငံ့ဂုဏ်ကိုလည်းဆောင်ပါ၏။

မြတ်နိုးတွယ်တာစရာကောင်းသော ကျွန်ုပ်တို့နိုင်ငံရှိ အမျိုးသားအမွေအနှစ်များ၊ နိုင်ငံ၏ပြယုဂ်များသည် ပြည်သူပြည်သားများအတွက်သာမက နိုင်ငံ့ဂုဏ်ရှိန်ကိုပါ မြင့်မားတိုးတက်စေပါသည်။ သို့ဖြစ်၍ တစ်ချိန်က တည်ရှိပြီး ဖြစ်သည့် ‘ပြယုဂ်များ’အား ယပလက်တစ်ချောင်းငင်ဂသတ်ယုဂ်မှ ရကောက်တစ်ချောင်းငင် ပသတ်ရုပ်သို့ မရောက်အောင် နိုင်ငံကိုချစ်သည့် နိုင်ငံသူနိုင်ငံသားအားလုံးက ဝိုင်းဝန်းဖော်ထုတ် စောင့်ရှောက်ထိန်းသိမ်းသင့်သည်ဟု ရှုမြင်ပါသည်။ ။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၀

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် မေ ၁၇ ရက် ညနေ ၄ နာရီတွင် စစ်တွေမြို့ ဆတ်ရိုးကျချောင်းကူးတံတားတည်ဆောက်မည့် မြေနေရာ၊ ကန်ပိုင်ချောင်းရေလှောင်တမံ အမှတ်(၂)အား မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ယာဉ်၊ ယန္တရားကြီးများဖြင့် တူးဖော်နေမှုနှင့် ကွန်ကရစ်ရေကျော်(ရေပိုလွှဲလုပ်ငန်း) ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကန်ပိုင်ချောင်းရေလှောင်တမံ အမှတ်(၂) တူးဖော်မှုလုပ်ငန်းများကို မိုးရာသီမတိုင်မီ အချိန်မီပြီးစီးရေးနှင့် ရေစီးမြောင်းများ စနစ်တကျ တူးဖော်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၁-၅-၂၀၁၂ (တနင်္လာနေ့)

၇း၀၅	တရားတော်
၈း၁၅	ဇာတ်လမ်းတို
၄း၁၅	စိုက်ပျိုးသုတ
၄း၂၅	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅	ဗွီစီဒီကျော်ကြားတေး
၄း၅၅	မီးသတ်လူသား
၅း၀၀	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၂၀	သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း** **-ထောင်စုနှစ်သမီးပျို (အပိုင်း-၂၀)**
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -Talk of The Town -မေးမြန်းစူးစမ်း -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “တမလွန်မှပြောသောစကား” (အပိုင်း-၂၃)** -Mini Series

ကွတ်ခိုင်-ကာလိုင် ကျေးလက်ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် မေ ၂၀

ကွတ်ခိုင်မြို့ ကွတ်ခိုင်-ကာလိုင် ကျေးလက်ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၀ ရက်တွင် အဆိုပါလမ်းမှခ်ဦး၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ရှမ်းပြည်နယ်စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းဆာလူ၊ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးခွဲ (လားရှိုး) ဒုတိယညွှန်ကြားရေးမှူးနှင့် အလှူရှင် ဦးအားလင်ကော(ခ) ဦးအိုက်ဆန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အလှူရှင် ဦးအားလင်ကော (ခ) ဦးအိုက်ဆန်က လမ်းသစ်မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြပြီး ပြည်နယ်စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးက အမှာစကား ပြောကြား၍ ကတ္တရာလမ်းသစ်ကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။

ကွတ်ခိုင်-ကာလိုင်ကျေးလက်ကတ္တရာလမ်းသစ်ကို ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ကြီးမှူး၍ ကွတ်ခိုင်မြို့နယ် ကာလိုင်ကျေးရွာနေ ရွှေတောင်တန်းကုမ္ပဏီဥက္ကဋ္ဌ ဦးအားလင်ကော (ခ)ဦးအိုက်ဆန်မိသားစုက ထည့်ဝင်လှူဒါန်းငွေကျပ် ၃၁၈၈ သိန်းနှင့် ဒေသနေပြည်သူလူထု၏အင်အားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သောလမ်းဖြစ်သည်။

အဆိုပါလမ်းသည် အရှည် ၇ ဒသမ ၂ မိုင်ရှိပြီး လမ်းဖွင့်လှစ်လိုက်ခြင်းကြောင့် ကွတ်ခိုင်မြို့နယ် ကာလိုင်ကျေးရွာ နားချိုင်ဒေသအနီးရှိ ကျေးရွာပေါင်း ၂၂ ရွာမှ ပြည်သူများသည် လမ်းပန်းဆက်သွယ်မှု လွယ်ကူမြန်ဆန်သွားပြီး ဒေသထွက်ကုန်ပစ္စည်းများကို လွယ်လင့်တကူ မြန်ဆန်စွာ ရောင်းဝယ်ဖောက်ကားနိုင်ပြီ ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းဆာလူ၊ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးခွဲ (လားရှိုး) ဒုတိယညွှန်ကြားရေးမှူးနှင့် အလှူရှင် ဦးအားလင်ကော(ခ) ဦးအိုက်ဆန်တို့ ကွတ်ခိုင်မြို့ ကွတ်ခိုင်-ကာလိုင် ကျေးလက်ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

တပ်ကုန်းမြို့နယ် စာရေးဆရာအသင်းဖွဲ့စည်း

နေပြည်တော် မေ ၂၀

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံးခန်းမ၌ မေ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် တပ်ကုန်းမြို့နယ်စာရေးဆရာအသင်းကိုဖွဲ့စည်းရာ မြို့နယ်ကော်မရှင်နှင့် အသင်းဝင်များ စုံညီစွာ တက်ရောက်ကြသည်။

မြို့နယ်ကော်မရှင်အဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဟန်ဝင်းစိုး၊ ပြန်/ဆက် ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်၊ စာရေးဆရာအသင်း ဦးမောင်မောင်ကြီး (ပေတိုး-ရွှေမြို့)တို့က ဆောင်ရွက်ပြီး လျှို့ဝှက်ဆန္ဒမဲပေးစနစ်ဖြင့် အမှုဆောင်အသစ်ရွေးချယ်ရာ နာယကအဖြစ် မြတ်ဘုန်း (တပ်ကုန်း)၊ ဦးတင်လှ(ရွှေသင်းယုလွင်)၊ ဦးသိန်းဆွေ(ဆွေဦး)တို့ကို ရွေးချယ်ပြီး ဦးသိန်းဝင်းမြင့်(မြကျောက်အေးချမ်း)ဥက္ကဋ္ဌ၊ ဦးမောင်ပု(ဉာဏ်လင်း-တပ်ကုန်း)၊ အတွင်းရေးမှူး ဦးမောင်မောင်ကြီး (ပေတိုး-ရွှေမြို့)၊ ဘဏ္ဍာရေးမှူး ဦးတင်လင်းကြိုင် (လွမ်းနဒီလင်း-ပျဉ်းမနား)၊ အဖွဲ့ဝင် ဦးစိုးသိန်းကျော် (စိုးမြင့်ငယ်-ဥပဒေ)တို့ အဖွဲ့ဝင်များအဖြစ်ပါဝင်သည့် အမှုဆောင်အဖွဲ့ကို ရွေးချယ်ကာ ညီလာခံကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌဦးသိန်းဝင်းမြင့် (မြကျောက်အေးချမ်း)ကို ရွေးချယ်လိုက်ကြောင်း သိရသည်။ (၀၉၂)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၀ - ၅ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၃၅. ၀၀၀	၀. ၀၀၁၂၀
ထိုင်း (ဘတ်)	၃၁. ၄၁၀၀	၀. ၀၃၁၈၄
တရုတ် (ယွမ်)	၆. ၃၂၅၉၀	၀. ၁၅၈၀၈
အိန္ဒိယ (ရူပီး)	၅၄. ၄၂၅၀	၀. ၀၁၈၃၇
မလေးရှား (ရင်းဂစ်)	၃. ၁၃၆၀၀	၀. ၃၁၈၈၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၇၅၂၀	၀. ၇၈၄၁၉
ဂျပန် (ယန်း)	၇၉. ၀၂၀၀	၀. ၀၁၂၆၆
တောင်ကိုရီးယား(ဝမ်)	၁၁၇၂. ၅၉	၀. ၀၀၀၈၅
ယူရို	၀. ၇၈၂၃၀	၁. ၂၇၈၂၈
ဗြိတိသျှ (ပေါင်)	၀. ၆၃၂၁၇	၁. ၅၈၁၈၅

အင်တာနက်။

ကွယ်လွန်သူ ဦးတင်မောင်(၅)နှစ်ပြည့်အား ရည်စူး၍ အမှတ်(၁၅)(အေ) မြရတနာလမ်းသွယ် ပြည်သာယာဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့နေ ဒေါ်သိန်းသိန်းနှင့် သားသမီးတစ်စုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ကျင်းပမည်

ရန်ကုန် မေ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို မေ ၂၅ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ Myanmar International Convention Centre (MICC) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ အသင်းချုပ်မှအကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့်အသင်းဝင်များ၊ ညီနောင်အသင်းအဖွဲ့များမှ အမှုဆောင်များ၊ အသင်းဝင်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းနှင့် အသင်းချုပ်မှစီစဉ်သော ရန်ကုန်-နေပြည်တော် နေ့ချင်းပြန်မော်တော်ယာဉ်ဖြင့် လိုက်ပါတက်ရောက်လိုသော အသင်းသားများသည် အသင်းချုပ်ရုံးတည်ရှိရာ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၄၃၄၄ မှ ၂၁၄၃၄၉ အထိ ဖက်စ်-၂၁၄၄၈၄ တို့သို့ မေ ၂၃ ရက်နောက်ဆုံးထား၍ ဆက်သွယ်သတင်းပို့ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗ လ ငါး တန် ဖွံ့ ဖြိုး ဖို့ စာ အုပ် စာ ပေ လေ့ လာ စို့

ထားဝယ်သူနာပြုသင်တန်းကျောင်း၌ သင်တန်းသား သင်တန်းသူများ၏ ဦးဆောင်းနှင့် ကုတ်အင်္ကျီပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၀

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန သူနာပြုသင်တန်းကျောင်း အမှတ်စဉ်(၁၉) ၂၀၁၁-၂၀၁၄ ပညာသင်နှစ် သူနာပြုသင်တန်းသား သင်တန်းသူများ၏ ဦးဆောင်းနှင့် ကုတ်အင်္ကျီ အပ်နှင်းပွဲအခမ်းအနားကို မေ ၁၉ ရက် နံနက် ၉ နာရီတွင် ထားဝယ်မြို့ သူနာပြုသင်တန်းကျောင်း၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက်အမှာစကား ပြောကြားသည်။ ဆက်လက်၍ သူနာပြုသင်တန်းကျောင်း အုပ်ကြီး ဒေါ်သင်းသင်းလှိုင်နှင့် ထားဝယ်ဆေးရုံကြီးမှ သူနာပြုအုပ်တို့သည် သင်တန်းသား သင်တန်းသူများအား ဦးဆောင်းနှင့် ကုတ်အင်္ကျီကို ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ်တို့တွင် ပညာရည်ထူးချွန်သူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

သူနာပြုသင်တန်း အမှတ်စဉ်(၁၇)၌ သင်တန်းသား ကျား လေးဦးနှင့် မ ၅၀၊ အမှတ်စဉ်(၁၈)၌ သင်တန်းသား ကျား သုံးဦးနှင့် မ ၄၄ ဦး၊ အမှတ်စဉ်(၁၉)၌ သင်တန်းသား ကျား တစ်ဦးနှင့် မ ၄၂ ဦး စုစုပေါင်း သင်တန်းသား ၁၄၄ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန သူနာပြုသင်တန်းကျောင်း အမှတ်စဉ်(၁၉) ၂၀၁၁-၂၀၁၄ ပညာသင်နှစ် သူနာပြုသင်တန်းသား သင်တန်းသူများ၏ ဦးဆောင်းနှင့် ကုတ်အင်္ကျီ အပ်နှင်းပွဲအခမ်းအနားတွင် ပညာရည်ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အသိအမှတ်ပြုစာမေးပွဲများ ကျင်းပမည်

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA) အသိအမှတ်ပြုစာမေးပွဲများကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် အသင်းခွဲများ တည်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ ဇွန် ၁၇ ရက် (တနင်္ဂနွေနေ့)တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်ပြိုင်နက် ကျင်းပစစ်ဆေးသွားမည်ဖြစ်သည်။

စာမေးပွဲတွင် MCPA Certified Fundamental Software Engineer (FSE)နှင့် MCPA Certified Network Associate (NA) တို့ကို ဝင်ရောက်ဖြေဆိုနိုင်ပြီး ဇွန် ၁၃ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွက် စာမေးပွဲကို လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်၌ ဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲအတွက် အနီးကပ်ပို့ချချက်ကို ဇွန် ၈ ရက်မှ ၁၀ ရက်အထိ ပြုလုပ်မည်ဖြစ်သည်။ စာမေးပွဲအောင်မြင်သူများသည် MCPA အသိအမှတ်ပြု Certificate ရရှိမည်ဖြစ်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ စီစဉ်သော နိုင်ငံခြားပညာသင်ဆုကိုလည်း လျှောက်ထားနိုင်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံး ဖုန်း-၆၅၂၂၇၆၊ ၀၉-၇၃၀၈၈၃၀၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (၆၈၇)

မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှဌေး နိုင်ငံခြားဧည့်သည် ဝင်ရောက်မှု အဆင်ပြေလွယ်ကူစေရေးအတွက် ဧည့်လမ်းညွှန်အခြေခံသင်တန်း အမှတ်စဉ်(၄၁) ဝင်ခွင့်စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဧည့်လမ်းညွှန်သင်တန်း ဝင်ခွင့်စာမေးပွဲ ကျင်းပ

ရန်ကုန် မေ ၂၀

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် မြန်မာနိုင်ငံတွင် နိုင်ငံခြားသားဧည့်သည် ဝင်ရောက်မှု အဆင်ပြေလွယ်ကူစေရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ဝင်ရောက်လာသည့် နိုင်ငံခြားသားခရီးသည်များ သွားလာမှုအဆင်ပြေစေရေးအတွက် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှဌေးသည် မေ ၁၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကမ္ဘာလှည့်ခရီးသည်တင်ဆောင်ခွင့်ရ မော်တော်ယာဉ်အသင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ မြန်မာနိုင်ငံအတွင်း ခရီးစဉ်ဒေသအသီးသီးသို့ နိုင်ငံခြားသားများ ခရီးသွားလာလည်ပတ်ရာတွင် ကျင့်ဝတ်နှင့်အညီ စနစ်တကျ လှည့်လည်ပြသနိုင်ရန်နှင့် မြန်မာနိုင်ငံသားဧည့်လမ်းညွှန်များ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဝန်ကြီးဌာန၏ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းမှ ဧည့်လမ်းညွှန်(အခြေခံ)သင်တန်းများ စီစဉ်ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ဖွင့်လှစ်သော ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌ ဇွန်လအတွင်း ဧည့်လမ်းညွှန်(အခြေခံ)သင်တန်း အမှတ်စဉ်(၄၁)ကို ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းဆိုင်ရာ ဝင်ခွင့်စာမေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်(ဗိုလ်တထောင်)၌ စတင်ကျင်းပရာ ဧည့်လမ်းညွှန်လျှောက်ထားသူ ၇၃၁ ဦး ဝင်ရောက်ဖြေဆိုကြသည်။

ယင်းဝင်ခွင့်ဖြေဆိုရာသို့ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၁-၅-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်

ညပိုင်း

၄:၃၀ ၁။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၅:၀၅ ၂။ မြန်မာစာမြန်မာစကား
၅:၂၅ ၃။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆:၂၀ ၄။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဖေဖေ့သမီး"(အပိုင်း-၄)**
၈:၀၀ ၆။ ပြည်တွင်းသတင်း
၇။ ကမ္ဘာကျော်သရုပ်ဆောင်များ
၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုမငြီးတဲ့ချစ်သမီး" (အပိုင်း-၇)**
၉။ **အိန္ဒိယရုပ်ရှင် "ခေါင်းကိုင်မိခင်"** (ဇာတ်သိမ်းပိုင်း)

ပုလဲသွယ် အထူးအထွက်တိုးစပ်မျိုးစပါး ကြည့်ရှုစစ်ဆေး

ရေစကြို မေ ၂၀

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီသည် ခရိုင်(စိုက်တိုးမြှင့်)အဖွဲ့ဝင်များ လိုက်ပါလျက် မေ ၁၇ ရက်က ရေစကြိုမြို့ ရွှေချောင်းလျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာတွင် စိုက်ပျိုးထားသော တောင်သူပညာပေး ပုလဲသွယ်အထူးအထွက်တိုးစပ်မျိုးစပါး ၁၀ ဧက စိုက်ကွင်းမှ တောင်သူဦးတိုးဆောင်၏ ရက် ၁၀၀ သားစပါးခင်းအား ကြည့်ရှုစစ်ဆေးသည်။ မကြာမီ မောင်းညိုချိန် ရောက်တော့မည်ဖြစ်၍ ရေများထုတ်ပစ်ရန်၊ အလေအလွင့်နည်းပါးအောင် စနစ်တကျ ရိတ်သိမ်းခြွေလှေ့ရန်၊ လေ မိုး မမိအောင် အမိုးအကာအောက်ရောက်ရှိရေး ကြိုတင်စီမံဆောင်ရွက်ထားရန်နှင့် စပါးအထွက်နှုန်းတိကျမှန်ကန်ရေးအတွက် စံကွက်များရိတ်သိမ်း၍ စနစ်တကျ မှတ်တမ်းပြုစုထားရှိရန်တို့ကို မှာကြားခဲ့သည်။**(အောက်ပုံ)** (၃၇၄)

အမေများနေ့အထိမ်းအမှတ် ဘိုးဘွားများအား စောင့်ရှောက်

ရန်ကုန် မေ ၂၀

အမေများနေ့ အထိမ်းအမှတ်အဖြစ် မေ ၁၃ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဆည်းဆာရိပ်ဂီလာနဘိုးဘွားများ စောင့်ရှောက်ရေးဂေဟာရှိ ဘိုးဘွားများအတွက် နေ့စဉ်အာဟာရလှူဒါန်းခြင်းနှင့် ဘိုးဘွားများအား နွေးထွေးစွာ ပြုစုစောင့်ရှောက်ခြင်းစသည့် မွန်မြတ်သည့် ဒါနများကို စိန်ဂေဟာမိသားစုက ဝယ်ယူသူများကိုယ်စား လှူဒါန်းမှုပြုကြရာ မာမားခေါက်ဆွဲ၊ အမှတ်တရ (စားဖွယ်စုံ)၊ Happy Chicken ဆိုင်တို့ကလည်း ကုသိုလ်ပါဝင်လှူဒါန်းကြသည်။

စိန်ဂေဟာ လူမှုကူညီရေးလုပ်ငန်းအပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ စသောလူမှုရေးဆိုင်ရာလုပ်ငန်းများကို ယမန်နှစ်က ပြုလုပ်ခဲ့ရာ လှော်ကားသဘာဝဘေးမဲ့ဥယျာဉ်တွင် ကျွန်းပျိုးပင် ၁၀၀၀ ကျော်စိုက်ပျိုးခြင်း၊ ပရဟိတကျောင်းများသို့ အလှူငွေများ ပေးအပ်ခြင်း၊ အမျိုးသားသွေးဌာနတွင် စုပေါင်းသွေးလှူဒါန်းခြင်း၊ ကလေးသူငယ်ပညာရေး ထောက်ပံ့ခြင်းများကို ပြုလုပ်ခဲ့ပြီး ထပ်မံ၍ လူမှုရေးလုပ်ငန်းများအား လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။**(အောက်ပုံ)** (ကြေးမုံ)

ရန်ကုန်မြို့နေ ပါမောက္ခ ဒေါက်တာဦးသက်ထားဝေက ကွယ်လွန်သူ ဇနီး ဒေါ်ဝင်းဝင်းကြည်နှင့် သမီး မခင်ခင်အေး၊ ညီများဖြစ်ကြသည့် ဦးနေဒွန်းနှင့် ဦးအောင်သူရိန်တို့အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဇဟိုသို့ အလှူငွေကျပ် ၁၁၀၀၀၀၀ လှူဒါန်းရာ ဒေါက်တာဦးလှမြင့်အောင်နှင့် အုပ်ချုပ်ရေးမှူး ဦးပြုံးတို့ လက်ခံစဉ်။ (ကြေးမုံ)



လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ
မသုံးရ

တောင်အာဖရိကနိုင်ငံတွင် ကျောင်းသင်ခန်းစာ စာအုပ်များ ထောက်ပံ့ရန် ပျက်ကွက်ခြင်းသည် အခြေခံဥပဒေကို ချိုးဖောက်ခြင်းဟုဆို

ပရီတိုးရီးယား မေ ၂၀

တောင်အာဖရိကနိုင်ငံတွင် နိုင်ငံတော်အစိုးရကျောင်းများမှ ကျောင်းသား ကျောင်းသူအားလုံးကို ကျောင်းသင်ခန်းစာ စာအုပ်များထောက်ပံ့ရန် အစိုးရ၏ပျက်ကွက်မှုသည် ပညာရေးဆိုင်ရာအခြေခံဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း တရားရုံးချုပ်က ဆုံးဖြတ်လိုက်သည်ဟု ဘီဘီစီသတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

လင်ပိုနိုပြည်နယ်အတွင်းမှ ကျောင်းများ၏ကိုယ်စားလှယ်အခွင့်အရေးလှုပ်ရှားသူများက တရားရုံးချုပ်သို့ ယင်းအမှုကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

ဇွန် ၁၅ရက်မတိုင်မီ ကျောင်းများသို့ ကျောင်းသင်ခန်းစာ စာအုပ်များ ထောက်ပံ့ရန် ပရီးတိုးရီးယား တရားရုံးချုပ်က အစိုးရအဖွဲ့ကို အချိန်ပေးထားသည်။

အစိုးရကျောင်းများအားလုံး၏ ၈၀ ရာခိုင်နှုန်းကို ထောက်ပံ့ရန် ပျက်ကွက်ခဲ့ကြောင်း အစိုးရအဖွဲ့က ဝန်ခံသည်။

မကြာသေးမီကထုတ်ပြန်သော အစီရင်ခံစာတွင် ကျောင်းပေါင်း ၁၇၀၀၀၌ သောက်သုံးရေမရှိကြောင်း၊ ကျောင်းပေါင်း ၁၅၀၀၀၌ စာကြည့်တိုက်မရှိကြောင်း ဖော်ပြထားသည်။

နိုင်ငံတော်၏ ပညာရေးစနစ်သည် အကျင့်ပျက်လာဘ်ပေးလာဘ်ယူ ခြစားခြင်း၊ အုပ်ချုပ်မှုညံ့ဖျင်းခြင်းနှင့် ဆရာများမှာ နာသုံးနာနှင့် မပြည့်စုံခြင်းတို့ကိုလည်း ကျော်လွှားနိုင်ရန် ရုန်းကန်ရဦးမည်ဟုဆိုသည်။

လင်ပိုနိုကျောင်းများသို့ ကျောင်းသင်ခန်းစာ စာအုပ်များ အလျင်အမြန်ထောက်ပံ့ပေးရန် တရားရုံးချုပ်တရားသူကြီးက မေ ၁၈ရက်တွင် ဆုံးဖြတ်ခဲ့သည်။

ဇွန် ၁၅ ရက်မတိုင်မီ အဆိုပါပြဿနာကို ဖြေရှင်းရေးအတွက် အစီအစဉ်ရေးဆွဲရန် အခြေခံပညာဦးစီးဌာနကို တရားရုံးက အမိန့်ပေးခဲ့သည်။ **အင်တာနက်။**

တောင်အာဖရိက ကျောင်းသား ကျောင်းသူများ စာသင်ခန်းတစ်ခု၌ တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်၌ ဗြိတိန် အထူးတပ်ဖွဲ့ဝင်အချို့ ၂၀၁၄ ခုနှစ်အလွန်ထိ ရှိနေဦးမည်ဟုဆို

ချီကာဂို မေ ၂၀

၂၀၁၄ ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံမှ ဗြိတိန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းပြီးနောက် အရေအတွက်အနည်းငယ်မျှသော ဗြိတိန်တပ်သားများ ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း ဗြိတိန်အစိုးရ အထက်တန်းတာဝန်ရှိသူတစ်ဦးက မေ ၂၀ ရက်တွင် ပြောကြားသည်ဟု အင်တာနက်သတင်းများတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့တွင် ကျင်းပနေသည့် နေတိုးအဖွဲ့ဝင်နိုင်ငံများမှ ထိပ်သီးအစည်းအဝေး၌ အာဖဂန်နစ္စတန်နိုင်ငံ၏ အနာဂတ်အရေးနှင့် ပတ်သက်၍ ဆွေးနွေးရာ၌ ဗြိတိန်တာဝန်ရှိသူက ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက အာဖဂန်နစ္စတန်စစ်မြေပြင်၌ ဗြိတိန်တပ်ဖွဲ့ဝင်များ၏ တိုက်ပွဲဝင်စစ်ဆင်မှုကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်တွင် ရပ်ဆိုင်းရန် သတ်မှတ်ခဲ့ပြီးဖြစ်သော်လည်း တပ်ဖွဲ့ဝင်ဦးရေ ၂၀၀ ထက်ပိုမိုသော ဗြိတိန်အထူးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်မှုနှိမ်နင်းရေးအတွက် အာဖဂန်၌ဆက်လက်ထားခဲ့ရန် အာဖဂန်နစ္စတန်နှင့် ဗြိတိန်တို့ နားလည်မှုတစ်ရပ်ရှိသည်ဟု သိရသည်။

၂၀၀၁ ခုနှစ်အတွင်းက အာဖဂန်နစ္စတန်နိုင်ငံတွင်းသို့ အမေရိကန်တပ်ဖွဲ့ဝင်များ ဝင်ရောက်ကျူးကျော်ခဲ့စဉ်ကတည်းကပင် ဗြိတိန်တပ်ဖွဲ့များ အာဖဂန်နစ္စတန်နိုင်ငံတွင် ရောက်ရှိနေခဲ့ခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံ၏ အစီအစဉ်အရ ယခုနှစ်တွင် အာဖဂန်စစ်မြေပြင်ရှိ ဗြိတိန်တပ်ဖွဲ့ဝင်ဦးရေ ၉၅၀၀ အနက်မှ တပ်ဖွဲ့ဝင်ဦးရေ ၅၀၀ ကို ရုပ်သိမ်းမည်ဖြစ်ပြီး ကျန်တပ်ဖွဲ့ဝင်များကိုမူ အာဖဂန်တပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးတာဝန်များကို တာဝန်ယူထမ်းဆောင်နိုင်မည့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်တွင် ရုပ်သိမ်းရန် စီစဉ်ထားသည်။ **အင်တာနက်။**

အာဖဂန်နစ္စတန်၌ စစ်ရေးတာဝန်ထမ်းဆောင်နေသည့် ဗြိတိန်တပ်ဖွဲ့ဝင်များ။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်တွင် ကျောက်မီးသွေးတွင်း၌ ၁၇ရက်ကြာပိတ်မိနေသူကို ကယ်တင်နိုင်ခဲ့

ပေကျင်း မေ ၂၀

တရုတ်နိုင်ငံ၌ ကျောက်မီးသွေးတွင်း မြေအောက်ဥမင်လိုဏ်ခေါင်းတွင် ရေကြီးလာသဖြင့် ၁၇ရက်ကြာမျှ ပိတ်မိနေသော ကျောက်မီးသွေးတူး အလုပ်သမားတစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း တနင်္ဂနွေနေ့ အေပီသတင်းတွင် ဖော်ပြသည်။

အဆိုပါကျောက်မီးသွေးတွင်း ရေလျှံသည့်ဖြစ်ရပ်တွင် အနည်းဆုံး ၁၀ဦး သေဆုံးခဲ့သည်ဟုဆိုသည်။

နိုင်ငံ၏အရှေ့မြောက်ပိုင်း ဟီဂန်မြို့ရှိ ဂျန်ယွမ်အမှတ်(၂) ကျောက်မီးသွေးတွင်း တူးဖော်ရေးလုပ်ငန်းမှ အသက် (၃၉)နှစ်ရှိ တွင်းလုပ်သား စိုင်းလိုင်းကို ကယ်ဆယ်ရေးသမားများက အောင်မြင်စွာ ကယ်ထုတ်နိုင်ခဲ့ကြောင်း နိုင်ငံပိုင် ရုပ်မြင်သံကြားလိုင်းနှင့် အစိုးရဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

မေ ၂ ရက်က ယင်းကျောက်မီးသွေးတွင်းတွင် ရေလျှံမှုဖြစ်ပွားစဉ် တွင်းလိုဏ်ခေါင်းထဲ၌ အလုပ်သမား ၂၈ဦး ရှိနေရာ ၁၀ ဦးသေဆုံး၍ သုံးဦးမှာ ပျောက်ဆုံးလျက်ရှိသည်။ အခင်းဖြစ်ပွားပြီးသည့်နောက် ရေမြင့်တက်လာခြင်း၊ ကယ်ဆယ်ရေးသမားများ၏ ကယ်တင်ခြင်းတို့ကြောင့် ကျန်တွင်းလုပ်သားအားလုံး အသက်ရှင်လျက် လွတ်မြောက်ခဲ့သည်။

စိုင်းလိုင်းသည် တွင်းထဲ၌ပိတ်မိနေစဉ် တွင်းထဲ၌အသုံးပြုသော ကောက်ရိုးအိတ်များကိုစား၍ အသက်ဆက်ခဲ့ကြောင်း ချိုင်းနားစင်ထရယ်ရုပ်သံလိုင်းက ကြေညာသည်။

အင်တာနက်။

လော့ကာဘီလေယာဉ် ဗုံးခွဲမှုကျူးလွန်သူ အဗ္ဗဒယ်ဘာဆတ်အယ်လ်မီဂါဟီ သေဆုံး

ထရီပိုလီ မေ ၂၀

၁၉၈၈ ခုနှစ်အတွင်းက စကော့တလန်နိုင်ငံ လော့ကာဘီမြို့ ကောင်းကင်ယံ၌ ပျံသန်းနေသည့် လေယာဉ်တစ်စင်းအား ဗုံးဖောက်ခွဲခဲ့မှုကျူးလွန်ခဲ့သူ လစ်ဗျားနိုင်ငံသား အဗ္ဗဒယ်ဘာဆတ်အယ်လ်မီဂါဟီသည် လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီမြို့ရှိ ၎င်း၏နေအိမ်တွင် သေဆုံးသွားပြီဟု မေ ၂၀ ရက် အင်တာနက်သတင်းများတွင် ဖော်ပြသည်။

လူ ၂၇၀ သေဆုံးခဲ့ရသည့် ယင်းဗုံးခွဲမှုဖြင့် ၂၀၀၁ ခုနှစ်တွင် နယ်သာလန်နိုင်ငံရှိ အထူးတရားရုံးက မီဂါဟီအား ထောင်ဒဏ်နှစ် ၆၀ ပြစ်ဒဏ်ချမှတ်ခဲ့သည်။

၎င်းခံစားနေရသော ကင်ဆာရောဂါကို အကြောင်းပြု၍ ၂၀၀၉ ခုနှစ်တွင် စကော့တလန်နိုင်ငံရှိ အကျဉ်းထောင်မှ ၎င်းအား ပြန်လည်စေလွှတ်ပေးခဲ့သည်။ ယင်းသို့ ထောင်မှလွတ်မြောက်ချိန်တွင် ၎င်းသည် လအနည်းငယ်ခန့်သာ အသက်ရှင်တော့မည်ဟု ပြောကြားခဲ့သည်။

မီဂါဟီသည် အကျဉ်းထောင်မှလွတ်ပြီး လစ်ဗျားနိုင်ငံ ထရီပိုလီမြို့သို့ ပြန်လည်ရောက်ရှိစဉ်တွင် ၎င်းကို သူရဲကောင်းတစ်ဦးသဖွယ် ကြိုဆိုခြင်းခံခဲ့ရသည်။

မီဂါဟီ၏ ကျန်းမာရေးအခြေအနေသည် လျင်မြန်စွာ ဆိုးရွားလာပြီး ထရီပိုလီမြို့ရှိနေအိမ်၌ မေ ၁၉ ရက် ဒေသစံတော်ချိန် ၁၃း၀၀နာရီတွင် သေဆုံးသွားကြောင်း ၎င်း၏အစ်ကိုဖြစ်သူ အဗ္ဗဒူလာကင်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

အစဉ်အမြဲ ငြင်းဆို

ကွယ်လွန်သူ မီဂါဟီသည် လစ်ဗျားထောက်လှမ်းရေး အရာရှိဟောင်းတစ်ဦးဖြစ်ပြီး ၁၉၈၈ ခုနှစ် ဒီဇင်ဘာလအတွင်းက ဗုံးထောင်ဖောက်ခွဲခံရသော ပင်(န်)အမေရိကန်လေကြောင်း ခရီးစဉ် အမှတ် (၁၀၃)နှင့်ပတ်သက်၍ ၎င်းတွင် မည်သို့မျှ တာဝန်မရှိကြောင်း အစဉ်အမြဲ ငြင်းဆိုခဲ့သည်။

လန်ဒန်မြို့မှ နယူးယောက်မြို့သို့ပျံသန်းခဲ့သော အဆိုပါခရီးစဉ်အတွင်း ခရီးသည် ၂၅၉ ဦးပါဝင်ပြီး ဗုံးပေါက်ကွဲမှုကြောင့် ခရီးသည်အားလုံးအပြင် မြေပြင်ပေါ်ရှိ လူ ၁၁ ဦးပါ သေဆုံးခဲ့ရသည်။ **အင်တာနက်။**

လော့ကာဘီလေယာဉ်ဗုံးခွဲမှု ကျူးလွန်ခဲ့သူ မီဂါဟီ။ *(ဓာတ်ပုံ-အင်တာနက်)*

အီတလီနိုင်ငံမြောက်ပိုင်းတွင် ငလျင်လှုပ်၊ လူလေးဦးထက်မနည်း သေဆုံး

ရောမ မေ ၂၀

အီတလီနိုင်ငံမြောက်ပိုင်းတွင် မေ ၂၀ ရက် နံနက်စောစောပိုင်းက အင်အားရစ်ချ်တာစကေး ၅ ဒသမ ၉ အဆင့်ရှိ ငလျင်လှုပ်ခတ်ခြင်းကြောင့် လူလေးဦးထက်မနည်း သေဆုံးကြောင်း ဒေသခံသတင်းများတွင် ဖော်ပြသည်။

ငလျင်ဒဏ်ကြောင့် ပလတ်စတစ်စက်ရုံပြိုကျကာ ညဆင်းအလုပ်သမားတစ်ဦး သေဆုံးကြောင်း၊ အီတလီနိုင်ငံ အလယ်ပိုင်းရှိ ဖာရာရာမြို့အနီး တည်ဆောက်ထားသည့် ကြွေထည်မြေထည်ပစ္စည်းများ ထုတ်လုပ်သော စက်ရုံအနီးအနားတွင် လူနှစ်ဦးသေဆုံးကြောင်း၊ အသက် (၄၇)နှစ်အရွယ် အမျိုးသမီးတစ်ဦး ငလျင်ဒဏ်ကြောင့် နှလုံးထိခိုက်သေဆုံးကြောင်း အီတလီနိုင်ငံပိုင် ရုပ်မြင်သံကြားရိုန်းက ထုတ်လွှင့်သည်။

နှိုးဆော်

ဘုရားရှိခိုးကျောင်းများနှင့် ရှေးဟောင်းမြို့များအပါအဝင် အဆောက်အအုံများ ပြိုကျပျက်စီးကြောင်း၊ မြို့တွင်းလမ်းများပေါ်တွင် ပြည်သူထောင်ပေါင်းများစွာ တုန်လှုပ်ချောက်ချားစွာ ပြေးလွှားလျက်ရှိကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ဒေသခံပြည်သူများအား နေအိမ်အပြင်ဘက်တွင် နေထိုင်ကြရန် နှိုးဆော်ထားကြောင်း ရိုန်းက ထုတ်လွှင့်သည်။

အဆိုပါငလျင်သည် အီတလီနိုင်ငံအလယ်ပိုင်းရှိ မိုဒီနာမြို့မှ ၂၀ကီလိုမီတာအကွာအဝေးကို ဗဟိုပြု၍ မြေအောက်အနက် ၆ ဒသမ ၃ ကီလိုမီတာတွင် လှုပ်ခြင်းဖြစ်သည်။ ယင်းငလျင်လှုပ်ပြီးနောက် နောက်ဆက်တွဲငလျင် ရှစ်ခုလှုပ်သည်ဟု သိရ သည်။ **ဆင်ဟွာ။**

မြေငလျင်ဒဏ်ကြောင့် အဆောက်အအုံ နံရံတစ်ခု ပြိုပျက်ခဲ့ရာ ကြွင်းကျန်ရစ်သော နာရီတစ်လုံး၏ မြင်ကွင်း။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းပြည်နယ်တွင် ရေလွှမ်းမိုး လူ ၁၉ ဦးသေဆုံး

မာဇာ-အီး-ရှာရစ်ဖ် မေ ၂၀

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးမြောက်ဘက်မှ ကီလိုမီတာ ၃၅၀ ကွာဝေးသော ဆာရီပါးလ်ပြည်နယ်တွင် မေ ၁၉ ရက်က မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေလွှမ်းမိုးခြင်းများဖြစ်ပေါ်ရာ လူ ၁၉ ဦး အသက်ဆုံးရှုံးရကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက မေ ၂၀ ရက်တွင် ပြောကြားသည်။

ဆာရီပါးလ်ပြည်နယ် မြို့တော်ဆာရီပါးလ်မြို့တွင် မေ ၁၉ ရက်ညပိုင်းက ရေလွှမ်းမိုးမှုကြောင့် လူနေအိမ်အချို့ရေစီး၌မျောပါသွားသဖြင့် အမျိုးသား အမျိုးသမီးများနှင့် ကလေးများအပါအဝင် ၁၉ ဦးသေဆုံးကြောင်း ပြည်နယ်ရှိ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့မှ ညွှန်ကြားရေးမှူး ဆေယက်ဒ်ဖာကူလတ်ဆာဒက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါပြည်နယ်ရှိ နေရာအချို့တွင် မိုးဆက်လက်ရွာသွန်းလျက်ရှိကြောင်း၊ ရေလွှမ်းမိုးမှုကြောင့် လူခုနစ်ဦးထက်မနည်း ဒဏ်ရာရရှိကာ ခြောက်ဦးပျောက်ဆုံးလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ လွန်ခဲ့သောလအတွင်းက ဆာရီပါးလ်ပြည်နယ်နှင့် အိမ်နီးချင်းဘာလက်ရှ်၊ ကန်ဒုက်၊ တက်ဟာနှင့် ဘက်ဂလန်ပြည်နယ်တွင် မိုးသည်းထန်ခြင်း၊ ရေလွှမ်းမိုးခြင်းကြောင့် လူ ၂၀၀ ခန့် အသက်ဆုံးရှုံးခဲ့ရသည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ **ဆင်ဟွာ။**

အမေရိကန်ရေတပ်ရေငုပ်သင်္ဘော ဖိလစ်ပိုင် ဆူးဘစ်ပင်လယ်အော်အတွင်းရောက်ရှိမှု တရုတ်နိုင်ငံအတွက် မဟာဗျူဟာခြိမ်းခြောက်မှုအဖြစ် သတ်မှတ်နိုင်

မနီလာ မေ ၂၀

ဖိလစ်ပိုင်နိုင်ငံ ဆူးဘစ်ပင်လယ်အော်အတွင်း အမေရိကန်ရေတပ်မှ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စင်း ရောက်ရှိနေခြင်းသည် နိုင်ငံ၏ နျူကလီးယားလက်နက်ကင်းမဲ့ရေးဆိုင်ရာ ဥပဒေအား ချိုးဖောက်ရာရောက်ကြောင်း ဖိလစ်ပိုင် အမျိုးသားရေးဝါဒီအုပ်စုတစ်စုက မေ ၁၇ ရက်တွင်ပြောကြားခဲ့သည်။

ယူအက်စ်အက်စ်နော့သ်ကယ်ရိုလိုင်းနားအမည်ရှိ အမေရိကန် ရေတပ်ရေငုပ်သင်္ဘော ဆူးဘစ်ပင်လယ်အော်အတွင်း ရောက်ရှိလာခြင်းကြောင့် တရုတ်နိုင်ငံနှင့် ဖြစ်ပွားနေသော နယ်မြေပိုင်နက် အငြင်းပွားမှုပြဿနာမှာ ပိုမိုဆိုးရွားလာနိုင်ကြောင်း ဘေယန်း (Bayan)အမည်ရှိ အဆိုပါအုပ်စုက ထုတ်ပြန်သည့် ကြေညာချက် တွင် ဖော်ပြထားသည်။

သို့ရာတွင် ယူအက်စ်အက်စ်နော့သ်ကယ်ရိုလိုင်းနားရေငုပ် သင်္ဘော ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိနေခြင်းသည် ပုံမှန်ထောက်ပို့ လုပ်ငန်းလုပ်ဆောင်ရေးအတွက်သာဖြစ်ကြောင်း ဖိလစ်ပိုင် ရေတပ်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောသည် တရုတ်နှင့်ဖိလစ်ပိုင်နှစ်နိုင်ငံလုံးက ပိုင်ဆိုင်ခွင့်အသီးသီး တောင်းဆိုလျက်ရှိသော ဟွန်ယန်းကျွန်းမှ ရေမိုင် ၁၂၀ မျှသာ ဝေးကွာသည့် ဆူးဘစ်ပင်လယ်အော်အတွင်းရှိ အမေရိကန် ရေတပ်အခြေစိုက်စခန်းဟောင်းတစ်ခု၌ ဆိုက်ကပ်ခဲ့သည်။

ယူအက်စ်အက်စ်နော့သ်ကယ်ရိုလိုင်းနား ရေငုပ်သင်္ဘော ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိနေခြင်းသည် တရုတ်နိုင်ငံအတွက် မဟာဗျူဟာခြိမ်းခြောက်မှုတစ်ရပ်အဖြစ် သတ်မှတ်နိုင်ကြောင်း တရုတ်လူမှုသိပ္ပံအကယ်ဒမီမှ အာရှပစိဖိတ်ဒေသဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးက ပြောကြားခဲ့သည်။

နယ်မြေပိုင်နက် အငြင်းပွားမှုပြဿနာတွင် ပါဝင်စွက်ဖက် မည်မဟုတ်ကြောင်းပြောကြားထားသော်လည်း ယင်းပြဿနာနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုသည် ဖိလစ်ပိုင်နိုင်ငံအား လက်သိပ်ထိုးထောက်ခံနေဖွယ်ရှိကြောင်း ၎င်းက သုံးသပ်ခဲ့ သည်။

အင်တာနက်။

အမေရိကန်ရေတပ်၏ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘော ယူအက်စ်အက်စ်နော့သ်ကယ်ရိုလိုင်းနား။

အီရန်အား စစ်ရေးအရတိုက်ခိုက်ရန် အစီအစဉ်များအသင့်ရှိကြောင်း အမေရိကန်သံအမတ်ပြောကြား

ဂျေရုဆလင် မေ ၂၀

အငြင်းပွားဖွယ် နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အီရန်အား စစ်ရေးအရတိုက်ခိုက်ရဖွယ်ရှိပါက တိုက်ခိုက်နိုင်ရန် အမေရိကန်ပြည်ထောင်စုအနေဖြင့် အစီအစဉ်များ အသင့်ပြင်ထား ကြောင်း အစ္စရေးနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဒန်နီယယ်ဘီ ရှပါရို က မေ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် အီရန်နိုင်ငံတို့အကြား နျူကလီးယားပြဿနာဆိုင်ရာ ဆွေးနွေးပွဲများ ပြန်လည်မစတင်မီ ရက်ပိုင်းမျှအလိုတွင် အစ္စရေးနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး က အထက်ပါအတိုင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

နျူကလီးယားဗုံးတည်ဆောက်ရန် ယူရေနီယမ်သန့်စင်မှု လုပ်ငန်းများ အီရန်က လုပ်ဆောင်နေခြင်းကို တားဆီးရန် နောက်ဆုံးခြေလှမ်းအဖြစ် စစ်အင်အားအသုံးပြုသွားရန် သုံးသပ်စဉ်းစားထားကြောင်း အစ္စရေးနိုင်ငံနည်းတူ အမေရိကန် ပြည်ထောင်စုကလည်း သတိပေးထားပြီးဖြစ်သည်။

အီရန်နျူကလီးယားပြဿနာကို သံတမန်နည်းလမ်းအရ သော်လည်းကောင်း၊ စစ်အင်အားအသုံးပြုခြင်းထက် ဖိအား ပေးခြင်းဖြင့်သော်လည်းကောင်း ဖြေရှင်းရန် မိမိတို့လိုလား ကြောင်း သံအမတ်ကြီး ဒန်ရှပီရိုက အစ္စရေးစစ်ဘက် အသံလွှင့် ဌာနသို့ ပြောကြားခဲ့သည်။ သို့ရာတွင် လိုအပ်လာပါက စစ်ရေး နည်းလမ်းကိုလည်း အသုံးပြုနိုင်ရေးအတွက် အမေရိကန် ပြည်ထောင်စုအနေဖြင့် အစီအစဉ်များ အသင့်ရှိကြောင်း ရှပီရိုက ဆိုသည်။

အီရန်နိုင်ငံသည် နျူကလီးယားဗုံးတည်ဆောက်ရန် ယူရေနီယမ်များသန့်စင်နေကြောင်း ကမ္ဘာ့အင်အားကြီးနိုင်ငံ များက သံသယမကင်းရှိနေသော်လည်း ၎င်း၏ နျူကလီးယား အစီအစဉ်များသည် အရပ်ဘက်ရည်ရွယ်ချက်များအတွက်သာ ဖြစ်ကြောင်း အီရန်ကကာကွယ်ပြောကြားထားသည်။

အင်တာနက်။

အစ္စရေးနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် ဒန်နီယယ်ဘီ ရှပီရို။

အီတလီနိုင်ငံ ဂျီဂလီယိုကျွန်းအနီး တစောင်းလဲကျ နစ်မြုပ်နေသော ကော့စတာ ကွန်ကော်ဒီးယားခရီး သည်တင် ဇိမ်ခံသင်္ဘော။

ကော့စတာကွန်ကော်ဒီးယားသင်္ဘော ဆယ်ယူရေးလုပ်ငန်း ပေါင်စတာလင် သန်း ၂၀၀ မျှ ကုန်ကျနိုင်

ဂျီနိုအာ မေ ၂၀

အီတလီနိုင်ငံ တပ်စကန်နီပြည်နယ် ကမ်းလွန်ရေပြင်ရှိ ဂျီဂလီယိုကျွန်းအနီး တစ်ဝက်တစ်ပျက် နစ်မြုပ်နေသော ကော့စတာကွန်ကော်ဒီးယားအမည်ရှိ ခရီးသည်တင်ဇိမ်ခံ သင်္ဘောကြီးအား ရေပေါ်ဖော်ယူ၍ ရွှေ့ပြောင်းမည့်စီမံကိန်း သည် အနည်းဆုံး ပေါင်စတာလင်သန်း ၂၀၀ ကုန်ကျမည့် မဟာစီမံကိန်းတစ်ရပ်ဖြစ်ကြောင်း မေ ၁၉ ရက်သတင်းများတွင် ဖော်ပြသည်။

ကိုယ်ထည်အလျား ပေ ၁၀၀၀ ရှိ၍ အလေးချိန် ၁၁၄၅၀၀ တန်ရှိသော ကော့စတာကွန်ကော်ဒီးယားသင်္ဘောကို ရေပေါ် ဖော်ယူ၍ နေရာရွှေ့ပြောင်းပေးရမည့် စီမံကိန်းမှာ သမိုင်း တစ်လျှောက် တစ်ကြိမ်တစ်ခါမျှမရှိခဲ့ဖူးသည့် စီမံကိန်းဖြစ်ကြောင်း တိုက်တန်ဆဲလ်ဗိတ်သင်္ဘောဆယ်ယူရေးကုမ္ပဏီဥက္ကဋ္ဌက သုံးသပ် ခဲ့သည်။

ကော့စတာခရုစ်အမည်ရှိ အီတလီသင်္ဘောလိုင်းတစ်ခုက ပြေးဆွဲသော ကော့စတာကွန်ကော်ဒီးယားခရီးသည် တင်သင်္ဘော သည် ယခုနှစ်ဇန်နဝါရီ ၁၃ ရက် ညပိုင်းတွင် ဂျီဂလီယိုကျွန်းအနီးရှိ ကျောက်တန်းတစ်ခုနှင့်ငြိကာ တိမ်းစောင်းနစ်မြုပ်ခဲ့ရသည်။

ခရီးသည်နှင့် သင်္ဘောအမှုထမ်း ၄၂၀၀ လိုက်ပါလာသော ကော့စတာကွန်ကော်ဒီးယားခရီးသည်တင်သင်္ဘော နစ်မြုပ်မှု ကြောင့် လူ ၃၂ ဦးသေဆုံးခဲ့ရသည်။

အင်တာနက်။

ဒုံးပျံပစ်လွှတ်ရေးစခန်း အဆင့်မြှင့်တင်မှုများ မြောက်ကိုရီးယားလုပ်ဆောင်နေ

ဆိုးလ် မေ ၂၀

မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ မူဆူဒန်-ရီ (Musudan-ri)အမည်ရှိ ဒုံးပျံပစ်လွှတ်ရေးစခန်းတစ်ခုကို အဆင့်မြှင့်တင်တည်ဆောက်မှုများ စတင်လုပ်ဆောင်နေကြောင်း မေ ၁၇ ရက် သတင်းများတွင် ဖော်ပြသည်။

မူဆူဒန်-ရီ ဒုံးပျံပစ်လွှတ်ရေးစခန်းအား အဆင့်မြှင့်တင် တည်ဆောက်ခြင်းဖြင့် တိုက်ချင်းပစ်ဒုံးပျံပစ်လွှတ်နိုင်စွမ်းရှိသည့် နေရာတစ်နေရာဖြစ်လာနိုင်ကြောင်း သတင်းမီဒီယာများ၏ အဆို အရ သိရသည်။

တုန်ဟေးဂြိုဟ်တုလွှတ်တင်ရေးနယ်မြေဟူ၍ တရားဝင် အမည်ပေးထားသော မူဆူဒန်-ရီ ဒုံးပျံပစ်လွှတ်ရေးစခန်းသည် မြောက်ကိုရီးယားနိုင်ငံ၏ အရှေ့မြောက်ပိုင်းတွင် တည်ရှိပြီး ၁၉၉၀ ခုနှစ်များအတွင်း ဆိုဗီယက်နည်းပညာကို အခြေပြု တည်ဆောက်ခဲ့သည့် စကဒ်ဒုံးကျည်များ စမ်းသပ်ပစ်ခတ်ရာ နေရာတစ်ခု ဖြစ်ခဲ့ဖူးသည်။

၂၀၀၉ ခုနှစ် ဧပြီလတွင် မြောက်ကိုရီးယားနိုင်ငံသည် ဘရိုက်စတား-၂ အမည်ရှိ ဂြိုဟ်တုတစ်စင်းကို တေပိုဒေါင်-၂ ဒုံးပျံဖြင့် မူဆူဒန်-ရီ ဒုံးပျံပစ်လွှတ်ရေးစခန်းမှ လွှတ်တင်ခဲ့သည်။

ဂြိုဟ်တုပစ်လွှတ်မှုအောင်မြင်ကြောင်း မြောက်ကိုရီးယားက ပြောကြားခဲ့သော်လည်း ယင်းဂြိုဟ်တုကမ္ဘာပတ်လမ်းကြောင်း အတွင်း ရောက်ရှိခဲ့သည့် အထောက်အထားများကို နိုင်ငံတကာ အာကာသအေဂျင်စီများက ရှာဖွေနိုင်ခြင်းမရှိခဲ့ပေ။

မြောက်ကိုရီးယားနိုင်ငံက ဒုံးပျံပစ်လွှတ်မှုထပ်မံလုပ်ဆောင် မည်ဆိုလျှင် မူဆူဒန်-ရီစခန်းမှ ပစ်လွှတ်နိုင်ကြောင်း အကဲခတ် များက ယုံကြည်ထားသည်။

အင်တာနက်။

လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များ တောင်ဆူဒန်မကြာမီရရှိမည်

ဂျူဘား မေ ၂၀

ဆူဒန်နိုင်ငံလေတပ်၏ တိုက်ခိုက်မှုများအား ပြန်လည် တုံ့ပြန်နိုင်မည့် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များကို တောင်ဆူဒန်စစ်ဘက်က လအနည်းငယ်အတွင်း ပိုင်ဆိုင်တော့ မည်ဖြစ်ကြောင်း မေ ၁၇ ရက် သတင်းများတွင် ဖော်ပြထား သည်။

ယင်းဒုံးကျည်များရရှိခဲ့ပါက နိုင်ငံ၏ လေကြောင်းရန် ကာကွယ်ရေးကဏ္ဍအတွက် တာဝန်တစ်ရပ်ပေါ့သွားလိမ့်မည် ဖြစ်ကြောင်း ဆူဒန်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်စစ်ဦးစီးချုပ် ၏အဆိုအား ကိုးကား၍ ဆူဒန်ထရီဗြွန်း သတင်းစာက ဖော်ပြ ထားသည်။

ဆူဒန်လေတပ်၏ စစ်လေယာဉ်များသည် နယ်မြေပိုင်နက် ကျူးကျော်၍ ဗုံးကြဲတိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း တောင်ဆူဒန်နိုင်ငံက မကြာခဏစွပ်စွဲပြောကြားခဲ့သည်။

နှစ်ဦးနှစ်ဖက်ပိုင်ဆိုင်ခွင့်အငြင်းပွားနေသော ဟက်ဂလစ်ဂ် မြို့၌ မကြာသေးမီကာလက ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများ အတွင်း ဆူဒန်လေတပ်သည် နယ်စပ်တစ်လျှောက်ရှိ တောင်ဆူဒန် စစ်စခန်းများအား ဗုံးကြဲခြင်း၊ နယ်မြေပိုင်နက် ကျူးကျော် တိုက်ခိုက်ခြင်းများ လုပ်ဆောင်ခဲ့ကြောင်း ဆူဒန်ထရီဗြွန်း သတင်းစာက ဖော်ပြသည်။

ဆူဒန်ပြည်တွင်းစစ်ကို အဆုံးသတ်စေခဲ့သည့် သဘော တူညီချက်အရ တောင်ဆူဒန်သည် ၂၀၁၁ ခုနှစ် ဇူလိုင်လက လွတ်လပ်ရေးရရှိခဲ့သည်။

သို့ရာတွင် ဆူဒန်နှင့် တောင်ဆူဒန်အကြားဖြစ်ပွားနေသော ပဋိပက္ခများ၊ နယ်စပ်တိုက်ပွဲများနှင့် လူမျိုးစု အကြမ်းဖက်မှုများက ငြိမ်းချမ်းရေးကို ခြိမ်းခြောက်လျက်ရှိသည်။

အင်တာနက်။

မော်ဒယ်လ်ပြိုင်ပွဲ၌ အမျိုးသမီးရာပေါင်းများစွာအားကျော်ဖြတ်လာသူ အမျိုးသားဖြစ်နေ

ဗန်ကောက် မေ ၂၀

စံပြအလှမယ်ပြိုင်ပွဲတစ်ခု၌ ပါဝင်ယှဉ်ပြိုင်သူ အမျိုးသမီး ရာပေါင်းများစွာကိုကျော်ဖြတ်၍ နောက်ဆုံး ဆန်ခါတင် ရွေးချယ်မှုအဆင့်ထိတိုင် ရောက်ရှိခဲ့သည့် အန်ကိုးကရက် ဝရန်နမ်အမည်ရှိ ထိုင်းအလှမယ်တစ်ဦးသည် ယောကျ်ားသား တစ်ဦးဖြစ်နေကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ရာ ပြိုင်ပွဲစီစဉ်သူများ ထိတ်လန့်ခဲ့ရကြောင်း မေ၁၈ ရက်သတင်းများတွင် ဖော်ပြသည်။



မော်ဒယ်လ်ပြိုင်ပွဲ၌ အမျိုးသမီးရာပေါင်းများစွာအား ကျော်ဖြတ်လာသူ ထိုင်းမောင်မစ္စက အန်ကိုးကရက် ဝရန်နမ်။

ထိုင်းမောင်မစ္စက အန်ကိုးကရက်သည် ဘရိုက်တန်မော်ဒယ်လ် အေဂျင်စီ၏ မော်ဒယ်လ်ပြိုင်ပွဲတစ်ခုတွင် ပါဝင်ယှဉ်ပြိုင်ကြသူ အလှမယ် ၂၀၀ ထဲ၌ တစ်ဦးအပါအဝင်ဖြစ်ခဲ့သည်။

ပြိုင်ပွဲအဆင့်ဆင့်ကို ကျော်ဖြတ်လာခဲ့သော ထိုင်းမောင် မစ္စက အန်ကိုးကရက်သည် ၎င်း၏အညိုရောင်ရင့်ရင့် မျက်ဝန်း များ၊ နက်မှောင်ရှည်လျားသော ဆံကေသာနှင့် သွယ်လျလှပ သော ကိုယ်ဟန်တို့ဖြင့် အမှတ်ပေးဒိုင်အဖွဲ့ဝင်များ၏ စိတ်နှလုံးကို ဆွဲဆောင်နိုင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အမှတ်ပေးဒိုင်အဖွဲ့ဝင်အားလုံး၏ တစ်ခဲနက်ထောက်ခံ အားပေးမှုဖြင့် ပြိုင်ပွဲ၏ ဆန်ခါတင်အဆင့်သို့ရောက်ရှိခဲ့ပြီးမှသာ အသက် (၂၆)နှစ်အရွယ် ထိုင်းမောင်မစ္စက အန်ကိုးကရက်သည် ယောကျ်ားသားတစ်ဦးအဖြစ် မွေးဖွားလာခဲ့သူဖြစ်ကြောင်း သိရှိခဲ့ ကြရသည်။

ဘရိုက်တန်အလှမယ်ပြိုင်ပွဲသည် ကိုယ်နေဟန်ထား၊ ရုပ်ရည် နှင့် ကိုယ်ရည်ကိုယ်သွေးတို့ကို အခြေခံကျင်းပသည့် ပြိုင်ပွဲ တစ်ရပ်ဖြစ်ပြီး ထိုင်းမောင်မစ္စက အန်ကိုးကရက်မှာ ဖော်ပြပါ အရည်အချင်းအားလုံးအား ပိုင်ဆိုင်သူဖြစ်ကြောင်း သိရသည်။

ထိုင်းမောင်မစ္စက အန်ကိုးကရက်သည် မေ ၂၅ ရက်တွင် အခြားဆန်ခါတင်အဆင့်ပြိုင်ပွဲဝင်အလှမယ် ၁၂ ဦးနှင့် နောက်ဆုံးအဆင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အင်တာနက်။

လူ့သန္ဓေသားခြောက်များ သယ်ဆောင်သူ ဗြိတိန်နိုင်ငံသား အဖမ်းခံရ

ဗန်ကောက် မေ ၂၀

အယူလွဲသူများ အောက်လမ်းလောကီအစီအရင်ပြုလုပ်ရာ တွင် အသုံးပြုသော ရွှေပါးလွှာဖြင့်ဖုံးအုပ်ထုပ်ပိုးထားသည့် လူ့သန္ဓေသားခြောက် ခြောက်ခုကို တရုတ်(တိုင်ပေ)နွယ်ဖွား ဗြိတိသျှနိုင်ငံသားတစ်ဦးထံမှ သိမ်းဆည်းရမိခဲ့ကြောင်း ထိုင်း ရဲတပ်ဖွဲ့က မေ ၁၈ ရက်တွင် ပြောကြားခဲ့သည်။

အသက် (၂၈)နှစ်အရွယ် ချော်ဟုတ်ကွမ်အမည်ရှိ ထိုင်ဝမ် အမျိုးသားကို အဆိုပါ သန္ဓေသားခြောက်များနှင့်အတူ ဗန်ကောက် မြို့တော်အတွင်းရှိ တရုတ်တန်းရပ်ကွက်၌ ဖမ်းဆီးနိုင်ခြင်းဖြစ် ကြောင်း ထိုင်းရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

ချော်ဟုတ်ကွမ်သည် အဆိုပါသန္ဓေသားခြောက်များကို ထိုင်းနိုင်ငံ၌နေထိုင်သူ ထိုင်ဝမ်အမျိုးသားတစ်ဦးထံမှ ဘတ်ငွေ ၂၀၀၀၀၀ ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ပြီး တရုတ်(တိုင်ပေ) ကျွန်းသို့ သယ်ယူကာ စျေးနှုန်းခြောက်ဆမျှ မြှင့်တင်ရောင်းချရန် စီစဉ် ထားကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

တရုတ်လူမျိုးအချို့အကြား ခေတ်စားသော ထိုင်းအောက်လမ်း လောကီအစီအရင်ဆိုင်ရာ ယုံကြည်ချက်များအရ လူ့သန္ဓေသား လောင်းကို မပုပ်မသိုးစေရန် ပြုလုပ်၍ အဆောင်အဖြစ် အသုံးပြု ပါက ပိုင်ရှင်ဖြစ်သူအား ကံကောင်းစေတတ်သည်ဟု ဆိုသည်။

အင်တာနက်။



အသိဖြင့် ဆောင်ရွက်ကြရတော့မည့် အားကစားမျိုးဆက်သစ်ရှာဖွေရေး

အေးမြင့်ကြူ
(စစ်တက္ကသိုလ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးအတွက် ပြင်ဆင်ချိန် တစ်လကုန်လွန်သွားခဲ့ရာ ယှဉ်ပြိုင်ရန် တစ်လနီးကပ်လာပြီဖြစ်ပါသည်။ အိမ်ရှင်အဖြစ် လက်ခံကျင်းပရမည်ဖြစ်၍ စိတ်ဝင်စားကြသော၊ စိတ်ပူတတ်ကြသော လှုံ့ဆော်ပေးရန် တာဝန်ရှိသူများကလည်း မည်သည့်အခြေအနေရောက်ပြီဆိုသည်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ စူးစမ်းကြပါသည်။ မြန်မာနိုင်ငံသားအားလုံးက ယင်း 27th Sea Gamesကို စိတ်အာရုံရောက်တိုင်း အောင်မြင်မှုနှစ်မျိုးလုံးရရှိရန် ဆန္ဒဖော်ပြနေကြပါသည်။ အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံကျင်းပရေး၊ ကျင်းပချိန်တွင် အဆင့် Position ပ၊ ဒု၊ တ စာရင်းဝင်သည်အထိ အောင်မြင်မှုရရှိရေးဖြစ်ပါသည်။

တချို့ ဝါသနာရှင်၊ စေတနာရှင်များကလည်း အဆင့် ၅ မျှပင် ရနိုင်ပါ့မလားဟု မေးကြပါသည်။ ကျွန်တော်တို့တွင် မျိုးဆက်သစ်အားကစားသမားနည်းသည်ကို သူတို့ သိကြပါသည်။ ထိပ်ပိုင်းတွင် စာရင်းရှိသော၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှားတို့ကိုထားပြီး ဖိလစ်ပိုင်၊ စင်ကာပူတို့ကို ကျော်နိုင်ပါ့မလားဆိုသော စိုးရိမ်စိတ်များဖြစ်ပါသည်။ ပြီးခဲ့သော (၂၆)ကြိမ်မြောက် အင်ဒိုနီးရှားဆီးဂိမ်း၏ နိုင်ငံအလိုက် အဆင့်ရရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ရရှိအဆင့်	ပြိုင်ပွဲဝင်နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
ပထမ	အင်ဒိုနီးရှား	၁၈၂	၁၅၁	၁၄၃	၄၇၆
ဒုတိယ	ထိုင်း	၁၀၉	၁၀၀	၁၂၀	၃၂၉
တတိယ	ဗီယက်နမ်	၉၆	၉၂	၁၀၀	၂၈၈
စတုတ္ထ	မလေးရှား	၅၉	၅၀	၈၁	၁၉၀
ပဉ္စမ	စင်ကာပူ	၄၂	၄၅	၇၃	၁၆၀
ဆဋ္ဌမ	ဖိလစ်ပိုင်	၃၆	၅၆	၇၇	၁၆၉
သတ္တမ	မြန်မာ	၁၆	၂၇	၃၇	၈၀
အဋ္ဌမ	လာအို	၉	၁၂	၃၆	၅၇
နဝမ	ကမ္ဘောဒီးယား	၄	၁၁	၂၄	၃၉
ဒသမ	အရှေ့တီမော	၁	၁	၆	၈
ဧကဒသမ	ဘရူနိုင်း	၀	၄	၇	၁၁

ယင်းဇယားပါ အခြေအနေကိုကြည့်လျှင် ကျွန်တော်တို့ အားကစားဝန်ကြီးဌာန နှင့် အားကစားအဖွဲ့ချုပ်များ မည်မျှကြိုးပမ်းပြင်ဆင်ရမည်ကို သုံးသပ်နိုင်ပါသည်။ အချို့က မြန်မာတို့အိမ်ရှင်ဖြစ်လျှင် ကိုယ်ပိုင်သော ပြိုင်ပွဲအမျိုးအစားနှင့် အရေအတွက် (Sport events and game events)ထည့်လျှင် ရွှေတွေရနိုင်တာပေါ့၊ ရိုးရာတွေ များများထည့်ပါလို့ဆိုကြသည်။ လက်တွေ့တွင် ယင်းသို့ ကိုယ်စိတ်ကူးသလို ပုံစံချရန် လွယ်ကူသော ကိစ္စမဟုတ်သည်ကို နောင်တော့လက်ခံကြမည်ထင်ပါသည်။ အထက်ပါ ဇယားကိုကြည့်လျှင် လက်ရှိမြန်မာ့လက်ရွေးစင်များ အားကစား ၂၇ မျိုးယှဉ် ပြိုင်ခဲ့ရာတွင် ငါးမျိုး၌သာ ရွှေတွေရခဲ့ပြီး ကျန် ၂၂ မျိုး၌ ငွေ၊ ကြေးများရရှိနိုင်ခဲ့ကြသည်။ နှစ်နှစ်အကြာ မိမိအိမ်ရှင်အဖြစ်လက်ခံသည့်အချိန် ကျွန်တော်တို့ ငွေ၊ ကြေးရခဲ့သော ပြိုင်ပွဲများကို ရွှေဖြစ်အောင်လုပ်လျှင် ကျွန်တော်တို့ Position သည် ပဉ္စမကျော် သွားနိုင်ပါသည်။ ကျွန်တော်တို့အားကစားသမားများနှင့် အဖွဲ့ချုပ်များသည် မိမိတို့ရခဲ့သော ငွေ၊ ကြေး ဟုဆိုသည့် ဒုတိယ၊ တတိယအဆင့်များကို ပထမသို့ကူးပြောင်းနိုင်အောင် စီမံစွမ်းဆောင်ကြနိုင်ပါမည်လား။ သူတို့ပြိုင်ဘက်တွေကလည်း နားနေ၊ အိပ်နေကြသည်မဟုတ်ပါ။ "စံချိန်တွေပိုကောင်းအောင် လုပ်နေကြတာပဲဖြစ်သည်" ဆိုသည်ကို အမြဲသိရှိထားရပါမည်။ သို့ဖြစ်၍ အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက နည်းဗျူဟာမျိုးစုံစဉ်းစားကြံဆ၍ အကောင်အထည်ဖော်နေရခြင်းဖြစ်သည်။ မြေအနေအထား အသာစီးရယူရေး၊ အားကစားသမားကောင်းများရရှိရေး၊ အားကစား နည်းစနစ်နှင့် အားကစားပစ္စည်း (Equipment)များ ခေတ်မီစွာဖြည့်တင်း၍နည်းမှန်စွာ လေ့ကျင့်ရေး၊ နောက်ဆုံးအဆင့် လက်ရွေးစင်များဖြင့် အချိန်အခါကိုက်ယှဉ်ပြိုင်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိပါသည်။

ခက်နေသည်က မျိုးဆက်သစ်အားကစားသမားများရရှိရေးဖြစ်သည်။ လူဦးရေ သန်း ၆၀ နီးပါးရှိခဲ့သော ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ရှေးဆယ်စုနှစ်များကတည်းကပင် နည်းစနစ်မှန်မှန်ဖြင့် အားကစားလိုက်စားခဲ့သော အားကစားသမား လူငယ်လူရွယ်များရှိလျှင် ယခုကဲ့သို့ နီးမှ ပျာယာခတ်ရှာဖွေပြင်ဆင်နေရသော အခက်အခဲမျိုး ကြုံကြရမည် မထင်ပေ။ Sea Games ကြီးကျင်းပခဲ့သည်မှာ (၂၆) ကြိမ်ရှိသွားပါပြီ။ နှစ်နှစ်တစ်ကြိမ်နှင့်တွက်ပါက သက်တမ်းအားဖြင့် ရာစုနှစ်ထက်ဝက်ကျော် ရှိနေခဲ့ပါပြီ။ ကျွန်တော်တို့ ဘာကြောင့်ထိပ်တန်းမရောက်နိုင်သနည်း။ အချို့က တိုင်းပြည်မှာ ပိုက်ဆံမချမ်းသာလို့၊ အုပ်ချုပ်ရေးစနစ်မကောင်းလို့၊ ကလေးတွေကို ပီပီပြင်ပြင် ထိန်းကျောင်းတည့်မတ်မြှင့်တင်ပေးသော ပညာရေးစနစ်မရှိလို့၊ ကျန်းမာရေးမဏ္ဍိုင် ထူထောင်မှုလွဲနေလို့စသည်ဖြင့် ထပ်ကာတလဲလဲဝေဖန်ကြသည်။ မိမိရောတာဝန်ကျေခဲ့သလား ဆိုသည်ကို စဉ်းစားသူနည်းမည်ထင်ပါသည်။

ကျေးရွာများတွင်လည်း အားကစားသမားအရေအတွက် နည်းသကဲ့သို့ လူဦးရေနှင့် အားကစားသမားအရေအတွက် အချိုးနည်းသည်။ ကျောင်းများတွင်လည်း လူဦးရေနှင့် အားကစားသမားအရေအတွက် အချိုးနည်းသည်။ မြို့များတွင်လည်း လူဦးရေနှင့် အားကစားသမားအရေအတွက် အချိုးနည်းသည်။ ယင်းသို့ဆိုလျှင် ရေရှည်အကောင်အထည်ဖော်ရသော အားကစားကဏ္ဍကို မည်သို့မြှင့်တင်ထူထောင်မည်နည်း။ စာသင်ကျောင်းများသည် အားကစား၏ အခြေခံနယ်မြေများဖြစ်သည်။ အားကစား တိုက်ပွဲများအတွက် လေ့ကျင့်ရေးတပ်စခန်းကြီးဖြစ်သည်။ စာသင်ကျောင်းများတွင်-

(၁) အားကစားစိတ်ဝင်စားလာရန်။
(၂) အားကစားကို စိတ်အားထက်သန်စွာ ကစားလာရန်။
(၃) အားကစားပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်လိုစိတ်ရှိရန်။
(၄) အားကစားပြိုင်ပွဲများတွင် အနိုင်ယူချင်စိတ်ရှိရန်။
(၅) အားကစားပြိုင်ပွဲကို မည်သို့နိုင်အောင် လုပ်ရမည်ဆိုသော ဗျူဟာစိတ်ရှိရန် စသည့်လိုအပ်ချက်များကို သီအိုရီအရမဟုတ်ဘဲ အာရုံဝင်စားစွာဖြင့် ဖြည့်ဆည်းဆောင်ရွက်သင့်သည်ဆိုသော အခြေခံအတွေးအခေါ်များကို မိမိတို့ မြို့၊ ရွာ နယ်ပယ်တွင် တာဝန်သိစွာလုပ်ကြဖို့ အရေးကြီးပါသည်။

စာသင်ကျောင်းများတွင် ပညာသင်ကြားရေးကို အထူးအလေးထား ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။ စာသင်ကြားမှုအချိန်ဇယားတွင် ကာယအချိန်ဆိုသည်ကို အခြေခံကျန်းမာရေး၊ ဉာဏ်ရည်ပွင့်လန်းရေး၊ အားကစားအသိစိတ်ဓာတ်ရှင်သန်ရေး တို့အတွက် မရှိမနေလိုအပ်ချက်အရ ထည့်သွင်းရေးဆွဲထားပါသည်။ ကာယအချိန်၌ အားကစားနည်းတစ်ခုခုကို လေ့ကျင့်ကစားနိုင်ရန် ကာယဆရာလည်းခန့်ထားပါသည်။ ကျွန်တော်တို့ငယ်စဉ် မူလတန်းကျောင်းသားဘဝကတည်းကပင်ဤစနစ်ရှိခဲ့ရာ ကျွန်တော်တို့သည် ကာယအချိန်ရောက်တိုင်း ပျော်ရွှင်လန်းဆန်းစွာ ကစားခဲ့ကြပါသည်။

ယနေ့အခါတွင် အချို့သောကျောင်းများ၌ ကာယအချိန်တွင် အားကစား တစ်ခုခုမကစားရတော့ဘဲ အချိန်ပိုစာသင်ကြားမှုသာလုပ်သဖြင့် ကျောင်းသား ကျောင်းသူအများစုမှာ စိတ်ပင်ပန်းနွမ်းနယ်မှု ခံစားကြရလိမ့်မည်ဟု တွေးမိပါသည်။ "ကာယချိန်တွင် အားကစားတစ်မျိုးကို ကစားခွင့် စနစ်တကျစီမံထားပါရဲ့လား" ဟူသောမေးခွန်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၌ မေးမြန်းခဲ့၍ အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနက ဖြေရှင်းပြခဲ့ရပါသေးသည်။ စာသင်ကျောင်းများသည် အားကစားတိုက်ပွဲများအတွက် အခြေခံနယ်မြေ ဖြစ်သည်ဆိုသော စကားနှင့်လိုက်လျောညီထွေဖြစ်ရန် ပညာရေးဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပူးပေါင်းလျှောက်လှမ်းနေမှုကို အောင်မြင်သည်အထိ အကောင်အထည်ဖော်မှသာ အာဆီယံဒေသအတွင်း အားကစားပြိုင်ပွဲများတွင် ရေရှည်၌ ကျွန်တော်တို့မြန်မာ ခြေခိုင်ခိုင်ရပ်တည်နိုင်မည်ဖြစ်ပါသည်။

အာဆီယံ၏အထင်ကရ အားကစားပြိုင်ပွဲသည် Sea Games သာဖြစ်ပါသည်။ Sea Games သည် (၂)နှစ်တစ်ကြိမ်ဆက်လက်ကျင်းပနေမည် ဖြစ်ပါသည်။ အချို့သော အာဆီယံအားကစားဝန်ကြီးများက ကမ္ဘာ့အိုလံပစ်အားကစားပွဲကိုပင် အာဆီယံနိုင်ငံများတွင် တစုတရုံးတည်းအိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားရန် တွေးခေါ်နေပြီဖြစ်ပါသည်။ ယင်းအားကစားစစ်မြေပြင်များ၌ ယှဉ်ပြိုင်ရန် ကျွန်တော်တို့နိုင်ငံတွင် အားကစားသမားများ အစဉ်အဆက်ရှိနေ၊ လေ့ကျင့်နေရန် လိုအပ်နေပြီဖြစ်ပါသည်။ ငွေများစွာ အကုန်အကျခံသော်လည်း အောင်မြင်မှုများ အလှမ်းဝေးနေပါလျှင် မြို့နယ် အားကစား စိတ်ဝင်စားသူများ၊ အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ သက်ဆိုင်သော ဝန်ကြီးဌာနအရာရှိများ၊ အားကစားအဖွဲ့အစည်းများနှင့် အားကစားသမားများသည် တစ်ဦး၏ အားနည်းချက်ကို တစ်ဦးကလက်ညှိုးထိုးရင်း မိမိကိုယ်ကိုယ် ကာကွယ်ရုံမျှနှင့် လုံခြုံတော့မည်မဟုတ်ဘဲ မိမိတွင်လည်း တာဝန်ရှိခဲ့ပါသည်ဟု ဝန်ခံရမည့် အခြေအနေတစ်ခု အနာဂတ်ကာလ၌ ပေါ်ပေါက်လာနိုင်ပါသည်။

ကျွန်တော်တို့သည် **တိုက်ပွဲများအောင်နိုင်ရန် ခေါင်းဆောင်တစ်ဦးတည်း လုပ်၍မရပါ၊ နောက်လိုက်ကောင်းများရှိမှသာ အောင်မြင်မှုကို စိတ်ကူးယဉ်နိုင်ပါသည်။** မိမိကိုယ်တိုင်အားကစားသမားမဟုတ်သော မိဘဆရာသည် လည်းကောင်း၊ သားတပည့်ကို အားကစားသမားဖြစ်ရန် မစေ့ဆော်၊ မကြံဆောင်နိုင်သော မိဘဆရာသည်လည်းကောင်း နိုင်ငံအတွက် တာဝန်မကျေသေးသူများဟု ခံယူသင့်ပါပြီ။ အားကစားမျိုးဆက်သစ်များရှာဖွေ၍ ပြုစုမြေတောင်မြှောက်ပေးသင့်ပါပြီ။ မျိုးဆက်သစ်တို့မရှိလျှင် အနာဂတ်အားကစားအောင်ပွဲများ မှေးမှိန်နေဦးမည်သာ ဖြစ်ပါသည်။ ကြံကြိတ်စက်ကြီးကောင်းအောင် ဘယ်လောက်ပြင်ပြင်၊ ကြံကြိတ်စက် အသစ်ကြီး ဘယ်လောက်ကောင်းကောင်း ကြံအမျိုးကောင်းမရှိပါက ကြံရည်ကောင်း ကောင်း မရနိုင်သေးဆိုသည်ကို ဝါသနာရှင်များ လက်ခံအောင် ထပ်လောင်းတင်ပြအပ် ပါသည်။

တာဝန်ရှိသူနှင့် စေတနာရှင်၊ ဝါသနာရှင်အားလုံးအနေဖြင့် မျိုးဆက်သစ် အားကစားသမားတို့ ပေါ်ထွန်းရေးကို မိမိတို့ကိုယ်ပိုင်အသိဖြင့် ကြိုးပမ်း ဆောင်ရွက်ကြရတော့မည့် အချိန်ရောက်နေပြီဖြစ်ရာ သည့်ထက်နောက်မကျရန် အားကြိုးမာန်တက်ဆောင်ရွက်ကြပါစို့ဟု နှိုးဆော်လိုက်ရပါသည်။ ။

သဘာဝဘေး အန္တရာယ်သတင်းများ

အမရပူရမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

မြစ်ငယ် မေ ၂၀

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်ရဲစခန်းပိုင် ဆောက်တောဝ ကျေးရွာတွင် မေ ၁၄ ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် ကိုအောင်ဆန်းဦး (ဘ)ဦးကျေး (တောင်သူ)၏မီးဖိုချောင် မီးကွင်းမီးကျန်မှုစတင်ပြီး လောင်ကျွမ်းရာ အနီးရှိနေအိမ် တစ်လုံးသို့ ကူးစက်လောင်ကျွမ်းခဲ့သည်။

မီးလောင်ကျွမ်းရာသို့ အမရပူရမြို့နယ် မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် နှစ်စီးနှင့် မြစ်ငယ်မီးရထား(သီးသန့်) မီးသတ်တပ်ဖွဲ့မှ ယာဉ်တစ်စီးတို့ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ အချိန်မီသွားရောက်ပြီး ကျေးရွာသူ ကျေးရွာသားများနှင့် ပူးပေါင်း၍ ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၁ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားသည်။

မီးလောင်မှုနှင့်ပတ်သက်၍ မြစ်ငယ်ရဲစခန်းမှ စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (၄၃၃)

လေးမျက်နှာမြို့နယ်နှင့် ဝါးခယ်မမြို့နယ်တို့၌ တစ်နေ့တည်း မိုးကြိုးပစ်၍သေဆုံးမှုများဖြစ်

လေးမျက်နှာ မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်နှင့်ဝါးခယ်မမြို့နယ်တို့တွင် တစ်နေ့တည်း မိုးကြိုးပစ်သေဆုံးမှုများ ဖြစ်ပွားခဲ့ကြောင်းသိရသည်။

စုံစမ်းသိရှိရသည်မှာ မေ ၁၈ ရက် နံနက် ၆ နာရီခန့်က လေးမျက်နှာမြို့နယ် ပန်းတင်ကုန်းကျေးရွာနေ ဦးစိုးကြီး အသက် (၃၉)နှစ် (ဘ)ဦးရီဝင်းနှင့် တစ်ရွာတည်းနေ ဆန်းဝင်း အသက်(၃၅)နှစ် (ဘ) ဦးမောင်မောင်တို့သည် အုတ်ဖုတ်လုပ်ငန်းများလုပ်ကိုင်နေကြစဉ် ဆန်းဝင်းအား မိုးကြိုးပစ်သေဆုံးသွားကြောင်း ဦးစိုးကြီးက မြင်တွေ့ရသဖြင့် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ်သိရှိရန် တိုင်တန်းချက်အရ အိုင်သပြုရဲစခန်းမှ သေမှုသေခင်းအမှတ် (၁/၂၀၁၂)ဖြင့် အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အလားတူ မေ ၁၈ ရက် နံနက် ၁၁ နာရီခန့်ကလည်း ဝါးခယ်မမြို့နယ် သစ်ဖြူချောင်းကျေးရွာနေ ဦးအောင်မြင့်၏လယ်ကွင်းထဲ၌ ငါးပိချောင်းကျေးရွာနေ သန့်ဇင် အသက် (၃၈) နှစ် လယ်စာရင်းငှားသည် ထယ်ထိုးနေရာမှ မိုးကြိုးပစ်ခံရပြီး သေဆုံးသွားသည်။ အခင်းဖြစ်ပွားရာသို့ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှငွေးနှင့် ကျုံမငေးရဲစခန်းမှ ရဲအုပ်သန်းမြင့်နှင့်အဖွဲ့က သွားရောက်စစ်ဆေးပြီး ဓမ္မတာ အတိုင်း သေဆုံးခြင်း ဟုတ်၊မဟုတ်သိရှိရန် ရဲအုပ်သန်းမြင့်၏ တိုင်တန်းချက်အရ ကျုံမငေးရဲစခန်းမှ သေမှုသေခင်းအမှတ်(၂/၂၀၁၂)ဖြင့် အမှုဖွင့်ထားရှိကြောင်း သိရသည်။ (၅၅၂)

ယာဉ်ကြောပိတ်ဆို့မှုကင်းဝေးစေရန် ပိုလ်မှူးဗထူးလမ်းအား လေးလမ်းသွားတိုးချဲ့

သတင်းဆောင်းပါး - ကျော်စိုး
ဓာတ်ပုံ - ဓာလှိုင်ဝင်း

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် လမ်းအကျယ် ၂၂ ပေရှိသော ဗိုလ်မှူးဗထူးလမ်း၌ နေ့စဉ်မော်တော်ယာဉ် စုန်၊ ဆန်သွားလာမှုမှာ အစီးရေ ၅၀၀၀ ကျော် ဖြတ်သန်းသွားလာမှုရှိလာသည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုများ နေ့စဉ်နှင့်အမျှ ကြုံတွေ့မှုမှကင်းဝေးစေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဘဏ္ဍာငွေကျပ် ၁ ဒသမ ၈ ဘီလီယံအကုန်အကျခံ၍ အဆိုပါလမ်းမကြီးအား အကျယ် ၄၈ ပေ လေးလမ်းသွားအဖြစ် တိုးချဲ့၍ ကျောက်ချောကတ္တရာလမ်း အဆင့်မြှင့်ခင်းခြင်းလုပ်ငန်းကို အချိန်တိုအတွင်း ဆောင်ရွက်ခဲ့ရာ ယခုအခါ လမ်းလုပ်ငန်းတစ်ခုလုံး၏ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။ (အောက်ယာပုံ)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့သစ်ကို ၁၉၉၀ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့ပြီး မြို့သစ်နေထိုင်သူများ လမ်းပန်းဆက်သွယ်သွားလာမှု အဆင်ပြေစေရန် ယင်းအချိန်မှစ၍ ဗိုလ်မှူးဗထူးလမ်းကို ကျောက်ခင်းလမ်းအဖြစ်အသုံးပြုဆောင်ရွက်ခဲ့ရာ ယနေ့တိုင် အနှစ် ၂၀ ကျော် ရှိခဲ့ပြီးဖြစ်၍ ယင်းကာလအချိန်အတောအတွင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ပြုပြင်ထိန်းသိမ်းမှုများစဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့မှုကို ဌာနမှူး ဦးတင်မောင်ကြည် က "ဗိုလ်မှူးဗထူးလမ်းဟာ မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နဲ့ တောင်ဥက္ကလာပမြို့နယ်တို့ကို တစ်ဆက်တစ်စပ်တည်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်သောလမ်းဖြစ်၍ နေ့စဉ်မော်တော်ယာဉ်သွားလာမှု ၃၀၀၀ မှ ၅၀၀၀ ထိ မြင့်မားလာသည့်အတွက် လမ်းဥပဒေလိုအပ်ချက်အရ ၄၈ ပေ အကျယ် လေးလမ်းသွားအဖြစ် တိုးချဲ့ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ယနေ့ ရန်ကုန်မြို့တော်၏ လူဦးရေဟာ ခြောက်သန်းကျော်ရှိပြီးနေ့စဉ် ဘတ်စ်ကားဖြင့် သွားလာနေကြသည့် ခရီးသည်အရေအတွက်သည် သုံးသန်းကျော်ရှိပြီး အနာဂတ်ကာလ ၂၀၂၀ ပြည့်နှစ်တွင် မြို့တော်နေ လူဦးရေသည် ၁၀ သန်းကျော်ရှိလာမည်ဟု မြို့ပြကျွမ်းကျင်သူ ပညာရှင်များက ခန့်မှန်းထားပါတယ်။ အနာဂတ် ဘတ်စ်ကားခရီးသွားလာမှုဟာ ပိုမိုများပြားလာပြီးတော့ အရေအတွက် နှစ်ဆခန့် တိုးမြင့်လာမည့်အခြေအနေကို ကြိုတင်မြော်တွေးထားပြီး ကျဉ်းမြောင်းနေသော ဗိုလ်မှူးဗထူးလမ်းကို အချိန်တိုအတွင်း ပြီးစီးအောင် တည်ဆောက်နိုင်ရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လက်အောက်ရှိ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနနှင့် ဗဟိုပစ္စည်းထိန်းဌာနတို့ ပူးပေါင်း၍ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှစ၍ လမ်းတိုးချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယခုအခါ လမ်းအရှည်ပေ ၁၆၅၀၀ တွင် ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ ကျောက်ချောကတ္တရာခင်းခြင်းလုပ်ငန်းများကို ၂၀၁၂ ခုနှစ် မတ်လ၌ ဆောင်ရွက်ခဲ့သည့်အတွက် ယခုအခါ လုပ်ငန်းပမာဏမှာ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီ ဖြစ်ပါတယ်"ဟု ရှင်းပြသည်။

ဗိုလ်မှူးဗထူးလမ်းအား ယခုနှစ် ပွင့်လင်းရာသီနှစ်ကုန်ပိုင်း၌ လမ်းလုပ်ငန်းများကို အချောသပ်ပြီးစီးရန် လျာထား ဆောင်ရွက်လျက်ရှိပြီး မိုးရာသီကာလ၌ ကတ္တရာခင်းခြင်းလုပ်ငန်းကို ခေတ္တဆိုင်းငံ့ထား၍ ကျောက်ခင်းခြင်း၊ လမ်းပခုံးသားပြုလုပ်ခြင်းနှင့် လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ခြင်းလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ပြီး အချိန်တိုအတွင်း ပြီးစီးနိုင်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုဘဏ္ဍာငွေကျပ် ၁ ဒသမ ၈ ဘီလီယံ သုံးစွဲသွားနိုင်ရန် လျာထားသတ်မှတ်ပေးထားပြီး ဖြစ်သည်။

အဆိုပါ ဗိုလ်မှူးဗထူးလမ်း အချောသပ်လုပ်ငန်းပြီးစီးပါက ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ ကျန်စစ်သားလမ်း၊ ဦးဝိစာရလမ်း၊ ဘုရင့်နောင်လမ်း၊ ဗိုလ်မင်းရောင်လမ်းနှင့် မြောက်ဥက္ကလာပမြို့နယ်ရှိ ခေမာသီလမ်း၊ သုဓမ္မာလမ်းများအပြင် အခြားဆက်စပ်လမ်းများသို့ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ရာ ပညာရေး၊ လူမှုရေး၊ စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ။

အောင်ဘာလေထီအက္ခရာတိုးထုတ် တစ်စောင်ကျပ် ၂၀၀ ဖြင့် လွတ်လပ်စွာရောင်းချ

မန္တလေး မေ ၂၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲက (၂၈၁) ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲမှစ၍ အက္ခရာ ၂၅ ခု ထုတ်ဝေခဲ့ရာမှ အက္ခရာ ၂၈ ခု၊ စောင်ရေ ကိုးသိန်းခန့် တိုးမြှင့်ရောင်းချခဲ့သည်။ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၈၄) လမ်း ပြည်တွင်းအခွန်များဦးစီးဌာန အရောင်းဆိုင်ကလည်း အောင်ဘာလေထီတစ်စောင် ငွေကျပ် ၂၀၀ ဖြင့် လွတ်လပ်စွာ ရောင်းချပေးသည်။

ပြင်ပထီဆိုင်ကြီးများတွင် ထီတစ်စောင် ၂၅၀ ကျပ်အထိ ဈေးကျဆင်းလျက်ရှိသည်။ ယခင်က အဆိုပါဆိုင်တွင် တစ်ဆင့် ပြန်လည်ရောင်းချသူများက မနက်မိုးမလင်းခင်ကပင် စာရင်းပေးသွင်းစောင့်ဆိုင်း၍ အတွဲလိုက် ဝယ်ယူသွားကြသဖြင့် အမှန်တကယ် ဝယ်ယူကံစမ်းလိုသူများ ဝယ်ယူခွင့်မရခဲ့ကြောင်း သိရသည်။

ပြည်ကြီးမျက်ရှင်ကားဈေးကွက် အရောင်းအဝယ်အေး ကားဈေးများကျလာနိုင်သဖြင့် ဝယ်လိုအားနည်း

မန္တလေး မေ ၂၀

နိုင်ငံသားများ မော်တော်ယာဉ်အရောင်းပြခန်းများ၌ နိုင်ငံခြားမှ မှာယူတင်သွင်း၍ မိမိတတ်နိုင်သောငွေကြေးဖြင့် လွတ်လပ်စွာ ဝယ်ယူသုံးစွဲနိုင်ရန် မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်နှင့် မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေး ဘဏ်တို့၌ နိုင်ငံခြားငွေဘဏ်စာရင်းဖွင့်လှစ်ထားသော နိုင်ငံသားများအား ၂၀၀၇ ခုနှစ်အထက် မော်တော်ယာဉ်များကို ဘယ်မောင်း၊ ညာမောင်းမခွဲခြားဘဲ တင်သွင်းခွင့်ပြုခဲ့သဖြင့် မန္တလေးမြို့ ပြည်ကြီးမျက်ရှင် မော်တော်ယာဉ်ရောင်းဝယ်ရေးဈေးကွက်တွင် အပေါ်နံပါတ်မြင့်ကားများနှင့် အောက်ကားများပါ အရောင်းအဝယ်အေးလျက် ရှိသည်။

ယခင်ကကဲ့သို့ ကားပါမစ်များ၊ သဘော်သားပါမစ်များ ပေးစရာမလိုဘဲ မော်တော်ယာဉ်များ တင်သွင်းခွင့်ရခဲ့သဖြင့် အရောင်းအဝယ်ဈေးကွက် အေးခြင်းဖြစ်သည်။

ကားဈေးများလည်း ဆက်တိုက်ကျဆင်းဖွယ်ရှိကြောင်း ကားပွဲစားများက သုံးသပ်ပြောဆိုသည်။

ဂျပန်နိုင်ငံမှ ကားကုမ္ပဏီများ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်ရှိသဖြင့် ကားဈေးကွက် အရောင်းအဝယ်အေးသွားခြင်းဖြစ်နိုင်ကြောင်း ပြောဆိုကြသည်။

ယခင်က နံပါတ်မြင့်အပေါ်ကားများ အရောင်းအဝယ် အေးနေသော်လည်း နံပါတ်နိမ့်ကားနှင့် အပ်ကားများ အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခုအခါ ကားဝယ်ရောင်းများ၊ ကားဝယ်စီးလိုသူများသည် ဈေးကွက်အခြေအနေ စောင့်ကြည့်နေကြသဖြင့် ဝယ်လိုအားနည်းနေကြောင်း သိရသည်။

အင်တာနက်သုံးစွဲခွင့် လျှောက်ထားသူများပြား

မန္တလေး မေ ၂၀

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မေ ၇ ရက်မှစ၍ မန္တလေးတိုင်းဒေသကြီးတွင် ၀၉-၂၀. . . ဖြင့် စသော GSM ဖုန်းများ၊ ၀၉-၄၃ . . . ဖြင့်စသော GSM ဖုန်းများ၊ ၀၉-၄၀၂၅. . . ဖြင့်စသော တန်ဖိုးနည်းဖုန်းများ၊ ၀၉-၉၁. . . ဖြင့်စသော CDMA 800 MHz ဖုန်းများ၊ ၀၉-၄၄၄. . . ဖြင့်စသော WCDMA ဖုန်းများ အင်တာနက်ဆက်သွယ်သုံးစွဲခွင့်များ ချထားပေးရာ လျှောက်ထားသူများပြားပြီး လေးရက်အတွင်း ၀၉-၉၁. . . နှင့် ၀၉-၇၃. . . ဖုန်းများ လိုင်းပြည့်သွားပြီး အင်တာနက်လိုင်းဖွင့် မရနိုင်ကြောင်း ကြေညာထားသည်။ (၆၅၃)

နယ်စပ်မှ တင်သွင်းသည့် ကြက်ဥအတု

မြစ်ကြီးနား မေ ၂၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ နယ်စပ်မှ တင်သွင်းလာသည့် ကြက်ဥအတုများ မော်လူး-နန့်စီးအောင်-မော်ဟန့်ဒေသများသို့ နေ့စဉ် မြစ်ကြီးနား အစုန်ရထားများဖြင့် အများအပြား ဝင်ရောက်နေပြီး ဒေသထွက်ကြက်ဥ (အစစ်)များဖြင့် ရောနှောရောင်းချနေသဖြင့် ဒေသခံပြည်သူများ ဈေးသက်သာသည့် ကြက်ဥအတုကိုသာ စားသုံးလျက်ရှိကြောင်း သိရသည်။ (၆၈၅)

ယာဉ်ဟောင်းများအပ်နှံသည့် စလစ်ဈေးနှုန်းများ ကျဆင်း

မန္တလေး မေ ၂၀

မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှုလုပ်ငန်းများကို အရှိန်အဟုန်မပျက် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ မေ ၁၀ ရက်အထိ (စ၊ ဆ၊ ဇ၊ ဈ၊ ည၊ တ၊ ထ၊ ဒ၊ ခ)ယာဉ် ၁၃၉၇၁ စီး လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

(ပ)အက္ခရာယာဉ်များ အပ်နှံပြီးစီးပါက နံပါတ်အနီ တက္ကစီနှင့် စင်းလုံးငှားယာဉ်များလည်း ပြန်လည်အပ်နှံ၍ တက္ကစီပြေးဆွဲရန် ပြည်ပမှ ကားသစ်များ တင်သွင်းနိုင်ပြီး တင်သွင်းလာမည့်မော်တော်ယာဉ်များအား အခွန်လျှော့ပေါ့ပေးရန် အစီအစဉ်ရှိသည်။

ယာဉ်ဟောင်းအပ်နှံပြီးသည့် စလစ်ဈေးများ ယခင် ကျပ်သိန်း ၁၄၀ ခန့်အထိရှိခဲ့ရာ ကျပ်သိန်း ၈၀ ဝန်းကျင်သို့ ကျဆင်းသွားကြောင်း သိရသည်။ သီဟကိုကို(မန္တလေး)

ရန်ကုန်မြို့ ဒဂုံမြို့နယ် တော်ဝင်စင်တာရှိ Orange Super Market ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရန်ကုန်ကလေးဆေးရုံကြီးသို့ အောက်ဆီဂျင်စက်တစ်စုံကို Creation (Myanmar) Co.,Ltd. မှ စာရင်းကိုင်ချုပ် ဒေါ်ခင်စုစုထွတ်က မေ ၁၇ ရက်က ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထိုက်နှင့် ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာစောဝင်းတို့ လက်ခံကြစဉ်။ (သတင်းစဉ်)

ချောင်းဆုံမြို့နယ်၌ အခွန်ဆိုင်ရာရှင်းလင်းဆွေးနွေးပွဲကို မေ ၂ ရက်က ကျွန်းသာယာခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးများက အမှာစကားပြောကြားပြီး မွန်ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးတင်ထွန်းနိုင် ရှင်းလင်းဆွေးနွေးစဉ်။ (ကြေးမုံ)

မသန်စွမ်းသူများဖြင့် ဖွဲ့စည်းထားပြီး မသန်စွမ်းသူများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေသော ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)သို့ ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် မလိခအိမ်ရာ မလိခလမ်းသွယ် (၁)လမ်းနေ ဒေါ်တင်မိုးလွင်က အလှူငွေကျပ် ၁၀ သိန်းကို မေ ၁၅ ရက်က လာရောက်လှူဒါန်းရာ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ လက်ခံစဉ်။ (ကြေးမုံ)

မပြောမပြီး မတီးမမြည်

သဲတစ်ပွင့်မှသည်. . .

တစ်ဦးချင်းမှသည် တစ်နိုင်ငံလုံး . . .
တစ်ဂါလန်မှသည် ဂါလန်ပေါင်းများစွာ . . .
မီးတစ်ပွင့်မှသည် မီးပွင့်ပေါင်းများစွာ . . .
ကျွန်တော်တို့အားလုံး ခြိုးခြံချွေတာသွားဖို့ လိုပါသည်။ . . . *တဲ့။*

ဖေဖော်ပြပါ တိုက်တွန်းနှိုးဆော်ချက်လေးမှာ မေ ၁၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှ ဆောင်းပါးရှင်"ဆွေညီ" ရဲ့ အတွေးအမြင်များဖြစ်ပါတယ်။ ဆောင်းပါးရှင်တို့ မိသားစုရဲ့ စနစ်ကျနမှု၊ ခြိုးခြံချွေတာမှုများကို ဂုဏ်ပြုကြိုဆိုပါတယ်။ တိုင်းပြည်အတွက် သဲတစ်ပွင့်ပါ။ အဲဒီဆောင်းပါးကို ဖတ်မိသူတိုင်း အဲဒီလိုခြိုးခြံချွေတာမှုတွေ ပြုလာနိုင်ကြရင်တော့ တိုင်းပြည်အတွက် သဲပွင့်ပေါင်းများစွာ ရလာမှာပါ။

ခြိုးခြံချွေတာမှုပြုခြင်းဟာ အတ္တ-ပရ အကျိုးမျှစေတာမို့ ဒီလိုချွေတာမှုများဟာ လုပ်ကိုလုပ်သင့်ပါတယ်။

လျှပ်စစ်ဓာတ်အားနဲ့ ပတ်သက်လို့ ပြောရရင်"မီတာခ"လို့ ခေါ်နေပြောနေကြတဲ့ လျှပ်စစ်ဓာတ်အားခဟာ သုံးစွဲပြီးမှ ပေးရတဲ့ စရိတ်တစ်မျိုးပါ။ တစ်နည်းပြောရရင် အကြွေးသုံးထားလို့ရတာပါ။ ဓာတ်အားခကို ပြားဂဏန်းကနေ ကျပ်ဂဏန်းပြောင်းလဲလိုက်လည်း ချွေတာသုံးစွဲမှုမရှိကြပါ။ ကျပ်ဂဏန်းကနေ ရာဂဏန်းကိုပြောင်းလည်း သုံးမြဲသုံးနေကြမှာပါပဲ။ ကုန်ကျစရိတ်နဲ့ အကျိုးသက်ရောက်မှု Cost and Benefit ကိုတော့ ဂရုပြုသင့်ပါတယ်။ တချို့နေရာတွေမှာ ညလုံးပေါက်မီးတွေဖွင့်ထားပြီး မိုးလင်းလည်း ပိတ်ဖို့သတိမရကြ၊ နေ့လုံးပေါက်ဖြစ်ပြန်၊ ညမှနေ့၊ နေ့မှည အလဟဿ ဖြစ်ရတာတွေ အများကြီးပါ။ ကိုယ့်အိမ်ကိုယ့်ရာမှာ မီတာခ ပေးနိုင်လို့ ဖွင့်ချင်သလို ဖွင့်မယ်ဆိုရင်တော့ လျှပ်စစ်ဓာတ်အားကို အကျိုးမရှိတဲ့ ဖြုန်းတီးမှု သက်သက်ပါပဲ။

ယခုအခါ ဟန်းဖုန်းတွေ အသုံးများလာတာနဲ့အမျှ လျှပ်စစ်ဓာတ်အားပါ တစ်ပါတည်း သုံးစွဲမှုပိုလာပါတယ်။ လိုအပ်လို့ ဖုန်းစကားပြောခြင်းထက် သီချင်းနားထောင်တာနဲ့ ဂိမ်းကစားတာ ပိုများနေပါတယ်။ အခုနှစ်သိန်းဖုန်းတွေ ပေါ်လာတော့ တချို့သောမိဘများက လေးငါးတန်းကလေးများကိုတောင် ဝယ်ပေးထားကြပါတယ်။ ကလေးဆိုတော့ ကစားတာနဲ့ သီချင်းနားထောင်တာပဲများကြပါတယ်။ ဖုန်းအားသွင်းဖို့ကျတော့ လျှပ်စစ်ဓာတ်အားက အဓိကပဲမို့ အသုံးထက် အဖြုန်းမပိုစေချင်ပါ။

အလားတူပဲ ရေကိုလည်းချွေတာမှု မရှိကြတာတွေ ပြောချင်ပါသေးတယ်။ ခုခေတ်မြို့ပြတွေမှာ ရေကို ကန်ကခပ်သုံးရတာ၊ ရေတွင်းက ငင်သုံးရတာ၊ ထမ်းသုံးရတာမဟုတ်ဘဲ ရေပိုက်ခေါင်းလေးဖွင့်ရုံနဲ့ အလွယ်တကူ သုံးနေရတာမို့ ရေကိုလည်း မချွေတာကြပါ။ ကျန်းကျန်းမာမာ သန့်သန့်ရှင်းရှင်း နေထိုင်စားသောက်နိုင်ဖို့ ရေက အရေးကြီးပါတယ်။ ရေကို သုံးတော့သုံးပါ၊ မဖြုန်းကြစေချင်ပါ။ ရေတင်မော်တာတွေ ဖွင့်ထားပြီးမေ့မေ့လျော့လျော့နေကြ၊ ရေတွေမတရားလျှံကျနဲ့ အလွန်နှမြောဖို့ကောင်းတာတွေ ခဏခဏ တွေ့နေရပါတယ်။ အများအားဖြင့် ရေတင်ရင် လျှံမှပဲ ပိတ်လေ့ရှိကြတော့ ရေကော လျှပ်စစ်ဓာတ်အားပါ အလဟဿဖြစ်ရပါတယ်။ "ရွှေကိုမလို ရေကိုလိုတဲ့" ဒေသက လူတွေနဲ့ နှိုင်းယှဉ်ပြီး ရေသုံးများလည်း ဆင်ခြင်သင့်ကြပါတယ်။ မိမိတို့ငယ်ငယ်ကတည်းက လူကြီးမိဘများက သင်ပေးထားပါတယ်။ ထမင်းချက်ဖို့ဆန်ဆေးရင် ဆန်ဆေးရေကို ဇလုံနဲ့ခံထားပြီး အိုးဆေးခွက်ဆေးရေကြမ်းအဖြစ် အသုံးပြုရပါတယ်။ ကပ်စေးနဲ့စရာမရှိ ကြံဖန်နည်းတယ် ထင်က ထင်ကြပါတော့။

တကယ်တော့ ရေလည်းရွှေ၊ လျှပ်စစ်မီးလည်းရွှေ၊ စက်သုံးဆီလည်းရွှေ အားလုံးဟာ ရွှေလိုတန်ဖိုးထားရမှာပါ။ မိမိနိုင်ငံ့ဝန်ထမ်းဘဝ နေပြည်တော်မှာ တာဝန်ထမ်းဆောင်စဉ်က ဌာနဆိုင်ရာ ယာဉ်တစ်စီးသုံးစွဲခွင့်ရပါတယ်။ သွားတက်ရတဲ့ရုံးက မောင့်ပလဲဆင့်ဟိုတယ်ရှိတဲ့ တောင်ပေါ်လမ်းမှာပါ။ ရထားတဲ့ကားက မာဇဒါဂျစ်၊ ဝန်ထမ်းအိမ်ရာနဲ့ အလွန်လှမ်းတော့ တစ်လ ဓာတ်ဆီဂါလန် ၃၀ က အဆင်မပြေလှပါ။ အဲဒီတော့ မိမိတို့အရာရှိအချင်းချင်း ပူးပေါင်းဆောင်ရွက်ရပါတော့တယ်။ ဌာနတူသူတွေ စုနေရတဲ့ ဝန်ထမ်းအိမ်ရာမို့ တစ်ယောက်ကားတစ်စီးနဲ့ ရုံးမတက်ကြတော့ဘဲ ကားပေါင်းစီးလိုက်ကြပါတယ်။ လေးငါးယောက်ပေါင်းပြီး ကိုယ့်ကားအလှည့်ကျတဲ့နေ့ ထွက်စနစ်နဲ့ဆိုတော့ နည်းနည်းအသက်ရှူချောင်လာပါတယ်။ ကားက နှိုးလိုက်ရင် ဒေါက်ဝိုးဖြစ်ဖို့၊ မှန်မှန်ထွက်နိုင်ဖို့ကို မနည်းကြိုးပမ်းနေရတာပါ။ ဆိုလိုချင်တာကတော့ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာဖြစ်အောင် နည်းလမ်းရှာ ခြိုးခြံကြဖို့ပါပဲ။

နောက်ထပ် မချွေတာတတ်ကြတဲ့ နေရာတစ်ခုရှိပါသေးတယ်။ 'ထမင်း' ကိစ္စပါ။ ထမင်းဘယ်ကရ ဆန်အိုးထဲကရလို့ လွယ်လွယ်ဆိုနေကြပေမယ့် ဆန်အိုးထဲက ဆန်ဖြစ်လာဖို့က လွယ်တာမဟုတ်ပါဘူး။ စပါးမျိုးစေ့ကနေ ဆန်ဖြစ်လာဖို့အထိ အဆင့်ဆင့်စိုက်ထုတ်အသုံးပြုရတဲ့ လုပ်အားတန်ဖိုးမှာ အလွန်ကြီးမားလှပါတယ်။ တစ်ပန်းကန်မက နှစ်ပန်းကန်စားနိုင်လို့ ထည့်စားတာကတော့ တစ်ပြည်ချက်ရချက်ရ၊ နှစ်ပြည်ချက်ရချက်ရပေါ့။ ကုန်အောင်မစားနိုင်ဘဲ ပန်းကန်ထဲအများကြီး ထည့်ပြီးမှ လွှင့်ပစ်ရတာတော့ အလွန်ကို ဖြုန်းတီးရာကျပါတယ်။ မိမိဝန်ထမ်းဘဝက ဧည့်ခံကျွေးမွေးမှုကိစ္စ မကြာခဏကြုံရပါတယ်။ ထမင်းတွေပစ်ရတိုင်း နှမြောမိပါတယ်။ ကြံဖန်နှမြောတယ်ပဲဆိုဆို မကုန်သင့်တာ မကုန်စေချင်ပါ။ နောက်ပြီး ကောက်စိုက်သမတွေ၊ လယ်သမားကြီးတွေရဲ့ လုပ်အားတွေကို တန်ဖိုးထားကြစေချင်လို့ပါ။

အဲဒီတော့ လုပ်သင့်လုပ်ထိုက်တဲ့ ခြိုးခြံချွေတာမှုတွေ လုပ်ပေးခြင်းဟာ ကိုယ့်အတွက်လည်း အကျိုးများသလို တိုင်းပြည်အတွက် သဲတစ်ပွင့်ဖြစ်နေမှာမို့ သဲပွင့်တွေအများကြီး ဖြစ်ပေါ်စေရန် မျှော်ရည်လျက် ဆောင်းပါးရှင်"ဆွေညီ"ရဲ့ ဆောင်းပါးကို ထောက်ခံရေးသားတင်ပြလိုက်ရခြင်းပါ။ ။

မခင်ထား (တိုင်းရင်းဆေး)

ပုဇွန်တောင်မြို့နယ် စာရေးဆရာအသင်းဖွဲ့စည်း

ရန်ကုန် မေ ၂၀

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် စာရေးဆရာအသင်းဖွဲ့စည်းရေးကို မေ ၆ ရက် နံနက် ၉ နာရီက ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး ပညာ့ဗိမာန်စာကြည့်တိုက်၌ ကျင်းပရာ သဘာပတိ ဦးခင်အောင် (သတင်းထောက် ခင်အောင်) က အမှာစကားပြောကြားပြီး အခမ်းအနားမှူးက ပဋ္ဌမအကြိမ် အရေးပေါ်အစည်းအဝေး အတွေ့အကြုံကို တင်ပြသည်။

မြို့နယ်နာယကအဖွဲ့ကို ရွေးချယ်ပြီး ညီလာခံ ကိုယ်စားလှယ်များအဖြစ် ဥက္ကဋ္ဌ ဦးညီညီအောင်(ညီညီအောင်)နှင့် အတွင်းရေးမှူး ဦးသန်းထွန်း (သီဟဧရာဝတီ) တို့ကို ရွေးချယ်ခဲ့သည်။ ဥက္ကဋ္ဌအသစ် ဦးညီညီအောင်(ညီညီအောင်)က မိတ်ဆက်စကားပြောကြားပြီး သဘာပတိ ဦးခင်အောင် (သတင်းထောက် ခင်အောင်)က နိဂုံးချုပ် အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ (၂၃)

စာရေးဆရာအသင်းဖြစ်မြောက်ရေး စုံညီစည်းဝေး

ရန်ကုန် မေ ၂၀

ပန်းဘဲတန်းမြို့နယ် စာရေးဆရာအသင်းဖြစ်မြောက်ရေးအတွက် မျက်နှာစုံညီ အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို မေ ၁၃ ရက် နံနက် ၉နာရီခွဲက ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးဓမ္မာရုံ၌ ကျင်းပရာ သဘာပတိက အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ရွေးချယ်

ထို့နောက် မြို့နယ်စာရေးဆရာအသင်းအမှုဆောင်များကို ဆက်လက်ရွေးချယ်ကြပြီး ညီလာခံကိုယ်စားလှယ်အဖြစ် သတင်းထောက်သန်းဆွေ(ပန်းဘဲတန်း)နှင့် ဝါးခယ်မ စိုးမြင့်အောင်တို့အား ရွေးချယ်ကြကြောင်း သိရသည်။ (၁၉)

မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်း ဖွဲ့စည်း

ရန်ကုန် မေ ၂၀

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် မျက်နှာစုံညီ အစည်းအဝေးနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်း မရမ်းကုန်းမြို့နယ်ဖွဲ့စည်းရေး၊ မြို့နယ်ကော်မတီဝင်များ၊ ညီလာခံကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို မေ ၁ ရက် နံနက် ၉ နာရီက မြို့နယ် ရည်ညွှန်းစာကြည့်တိုက်၌ ကျင်းပရာ ရွေးချယ်တင်မြှောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်(ငြိမ်း) (ရဲဘော် မျိုးညွန့်-သသန)က အမှာစကားပြောကြားပြီး မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်းကော်မတီဝင်များကို အများသဘောတူ ရွေးချယ်တင်မြှောက်ကြသည်။

ညီလာခံကိုယ်စားလှယ်များအဖြစ် နာယက ဦးကျော်စိုး(မောင်ကျေးဇူး) နှင့် ဥက္ကဋ္ဌ ဦးခင်ဇော် (ဦးခင်ဇော်-မရမ်းကုန်း) တို့ကို ရွေးချယ်တင်မြှောက်ကြကြောင်း သိရသည်။ (ကြေးမုံ)

☆ ပြည်ထောင်စုမှ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နိုင်ငံတော် သမ္မတ၏ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းမိန့်ကို ဖတ်ကြားပြီး အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီဥက္ကဋ္ဌ ဦးယွက်စစ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူတစ်ဦးက နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရန် ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(RCSS/SSA)မှ ရေးဆွဲတင်ပြဆွေးနွေးသည့် မူးယစ်ဆေးဝါးပူးပေါင်း တိုက်ဖျက်ရေးစီမံချက်အား ဖတ်ကြားရှင်းလင်းတင်ပြသည်။

ယင်းနောက် နှစ်ဖက်အဖွဲ့ခေါင်းဆောင်များသည် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရန်နှင့် မူးယစ်ဆေးဝါး ပူးပေါင်း တိုက်ဖျက်ရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြပြီး အဖွဲ့ဝင်များကလည်း ဖြည့်စွက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီဥက္ကဋ္ဌ ဦးယွက်စစ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် နှစ်ဖက်အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များသည် နှစ်ဦးနှစ်ဖက်သဘောတူညီချက်များအား လက်မှတ် ရေးထိုး၍ စာချုပ်ချုပ်ဆိုကာ အပြန်အလှန်လဲလှယ်ကြပြီး ညနေပိုင်းတွင် ဆွေးနွေးပွဲအောင်မြင်စွာ ပြီးမြောက်ခဲ့သည်။

ယင်းနောက် နှစ်ဖက်အဖွဲ့မှ တာဝန်ရှိသူများသည် ပြည်တွင်း/ပြည်ပမှ သတင်းထောက်များ၊ မီဒီယာများ၊ စာနယ်ဇင်း များနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး မေးမြန်းချက်များအား ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် နှစ်ဖက်အဖွဲ့များသည် ညပိုင်းတွင် တိုင်းစစ်ဌာနချုပ်ပြည်ငြိမ်းအေးခန်းမ၌ ကျင်းပသော ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးဆွေးနွေးပွဲအထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်ကြသည်။

ညစာမသုံးဆောင်မီ နှစ်ဖက်အဖွဲ့ခေါင်းဆောင်များနှင့်အဖွဲ့ဝင်များသည် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း ကျိုင်းတုံမြို့ ရှမ်းတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့က ယဉ်ကျေးမှုအက ပဒေသာများဖြင့် ကပြဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီဥက္ကဋ္ဌ ဦးယွက်စစ်က ကပြဖျော်ဖြေကြသော ရိုးရာ ယဉ်ကျေးမှုအကအဖွဲ့အား ဂုဏ်ပြုပန်းခြင်းနှင့် ဆုငွေများပေးအပ်ချီးမြှင့်ပြီး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ရိုးရာ ယဉ်ကျေးမှုအကအဖွဲ့များအတွက် ဂုဏ်ပြုပန်းခြင်းကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဂုဏ်ပြုဆုငွေ များကို လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❍ ပုသိမ်-မုံရွာမှ

ထို့နောက် မကြာမီ ဖွင့်လှစ်မည့် ရွှေစမ်းချောင်းတံတား ပေါ်သို့ တက်ရောက်၍ ဖွင့်ပွဲအတွက် ကြိုတင်ပြင်ဆင်ထား ရှိမှုများနှင့် တံတားအချောသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက် နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရွှေစမ်းချောင်းတံတားမှာ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပုသိမ်-မုံရွာလမ်းမကြီး အပိုင်း(၂)ရှိ မိုင်တိုင် အမှတ်(၃၄၄/၁)တွင် တည်ရှိပြီး မိုးရာသီတွင် တောင်ကျ ချောင်းရေ အရှိန်ပြင်းစွာ စီးဆင်းလေ့ရှိသည့် ရွှေစမ်းချောင်း ကို ဖြတ်သန်းတည်ဆောက်ထားခြင်းဖြစ်ကာ တံတားအရှည် ပေ ၉၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေ ခြောက်လက်မစီ ပါရှိသည်။ တံတား အမျိုးအစားမှာ သုညဒသမ ၈ မီတာအချင်း ဘိုးပိုင်အုတ်မြစ်၊ အောက်ထည် သံကူကွန်ကရစ်ပိုင်ထိပ်အုပ် တိုင်ကိုယ်ထည်နှင့် အပေါ်ထည်မှာ သံမဏိသံပေါင်ရက်မ၊ သံကူကွန်ကရစ် ကြမ်းခင်းနှင့် သံပန်းလက်ရန်းအမျိုးအစားဖြစ်ပြီး တံတား ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။

တံတားကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၇)က ၂၀၁၀ ခုနှစ် အောက်တိုဘာလတွင် စတင် တည်ဆောက်ခဲ့ပြီး ယခုအခါ တံတားတစ်စင်းလုံး၏ ၉၈ ရာခိုင်နှုန်းပြီးစီးပြီဖြစ်၍ မကြာမီ တံတားကြီးဖွင့်ပွဲအခမ်းအနား ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်-မုံရွာ လမ်းအတိုင်း ပုသိမ်ဘက်သို့ မော်တော်ယာဉ် များဖြင့် ထွက်ခွာလာပြီး လမ်းတစ်လျှောက် လမ်း/တံတား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေ အနေကို ကြည့်ရှုစစ်ဆေးပြီး လမ်းကိုအစဉ်ကောင်းမွန်နေ စေရေး ဆောင်ရွက်ရန်၊ လမ်းနယ်အကျယ်ပေ ၄၀ ရှိရန်၊ လမ်းဘေးရေနုတ်မြောင်းများ ဖောက်လုပ်ပေးရန်နှင့် လမ်း တစ်ဖက်စီတွင် လှည်းလမ်းများထည့်သွင်းဖောက်လုပ်ပေးရန် တို့ကို မှာကြားသည်။

ထို့နောက် မိုင်တိုင်အမှတ်(၃၂၀/၀)တွင် သဘာဝဘေး ဒဏ်ကြောင့် ရေတိုက်စားပျက်စီးသွားသည့် သရှူးချောင်း တံတား တံတားကမ်းကပ်ခုံ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြုပြင် တည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲစေရေးကို အလေးထားဆောင်ရွက်ရန်နှင့် ယခု မိုးမကျမီ အပြီး တည်ဆောက်ရန် မှာကြားသည်။

ယင်းနောက် ပုသိမ်-မုံရွာလမ်းပေါ်ရှိ တံတားအမှတ် (၁/၂၇၃)နှင့် အရှည်ပေ ၄၂၀ ရှိ မန်းချောင်းတံတား ကြံ့ခိုင်မှု အခြေအနေ၊ လမ်းအသုံးပြုခကောက်ခံသည့် ဂိတ်များတွင် လမ်းဖြတ်သန်းခ ကောက်ခံနေမှုနှင့် လမ်းပျက်စီးမှု လျော့နည်း စေရန် ယာဉ်များအား သတ်မှတ်ချက်အတိုင်း ကုန်များ တင်ဆောင်၍ သွားလာနိုင်ရန်၊ ကတ္တားများထားရှိပြီး စနစ် တကျ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မင်းဘူး မြို့အဝင် ယခင်တံတားဟောင်းအနီးတွင် ဆားဗွက်ချောင်း တံတားအသစ် ပြန်လည်တည်ဆောက်မည့်အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား (မကွေး) လမ်းအတိုင်း ထွက်ခွာလာပြီး မိုင်တိုင်အမှတ်(၆၂/ ၆)နှင့် (၆၂/၇) အကြားတွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ်(၁၀/၀)ရှိ ငလိုက်ချောင်းတံတားကြီးအား သံကူကွန်ကရစ်တံတားကြီး အဖြစ် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ-တရုတ် ချစ်ကြည်ရေးပဒေသာကပွဲ ဖျော်ဖြေတင်ဆက်

နေပြည်တော် မေ ၂၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနုပညာအဖွဲ့၏ မြန်မာ-တရုတ်ချစ်ကြည်ရေး ပဒေသာကပွဲဖျော်ဖြေတင်ဆက်မှုကို မေ ၁၈ ရက် ည ၇ နာရီတွင် မန္တလေး အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီးတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါဖျော်ဖြေပွဲသို့ တိုင်းဒေသကြီး အဆင့် အဖွဲ့အစည်းဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr. Yu Boren နှင့် အိန္ဒိယ နိုင်ငံ ကောင်စစ်ဝန်ချုပ် Dr. Mandan Mohan Sethi နှင့် အဖွဲ့ဝင်များ၊ အနုပညာဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ပဒေသာကပွဲတွင် မင်္ဂလာအပေါင်း ဆုမွန်ကောင်းတောင်းအက၊ အမျိုးသား အမျိုးသမီး တစ်ပင်တိုင်တေးဆိုခြင်း၊ တရုတ်ရိုးရာတူရိယာသံစုံတီးမှုတ်ခြင်း၊ မင်္ဂလာပါအက၊ ပေကျင်းအော်ပရာ ဇာတ်၊ ခြေထောက်အတတ်ဘားကျွမ်း ဆပ်ကပ်ဖျော်ဖြေခြင်း၊ မျက်လှည့် အတတ်တင်ဆက်ခြင်း၊ ဘဲလေးအက၊ အမျိုးသားနှင့် အမျိုးသမီးနှစ်ယောက် စုံတွဲ တေးဆိုခြင်းတို့ဖြင့် ဖျော်ဖြေတင် ဆက်ကြသည်။

ဖျော်ဖြေပွဲအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တရုတ်ကောင်စစ် ဝန်ချုပ်တို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနုပညာအဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်၍ အဆိုပါအဖွဲ့နှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူအား တရုတ်သံအမတ်ကြီးနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၂၀

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့်အဖွဲ့သည် မေ ၁၈ ရက် နံနက် ၁၀ နာရီတွင် အားကစားဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (အောက်ပုံ)

ရှေးဦးစွာ ဒုတိယဝန်ကြီးက အိမ်ရှင် အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ် မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲနှင့်စပ်လျဉ်းသည်များ၊ အားကစား ပြိုင်ပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှင့် ပူးပေါင်းဆောင်ရွက်မည့် ကဏ္ဍ များကို ဆွေးနွေးသည်။

ဆက်လက်၍ သံအမတ်ကြီးနှင့် အဖွဲ့က မြန်မာနိုင်ငံအနေဖြင့် (၂၇)ကြိမ် မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းအလိုက် နည်းပြ လိုအပ်ချက်၊ အားကစားပစ္စည်းများနှင့် ပြိုင်ပွဲဝင် ဝတ်စုံလိုအပ်ချက်များ၊ ချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ကျင်းပရေး၊ နှစ်နိုင်ငံ ပူးတွဲလေ့ကျင့်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိလိုသည် များကို မေးမြန်းသည်။

ထို့နောက် အားကစားနှင့် ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပ ရန် အားကစားနည်း ၃၂ မျိုး လျာထား ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အားသာချက်ကောင်းမွန်သော အားကစား နည်းများကို မြန်မာနိုင်ငံ၌ ပူးတွဲ လေ့ကျင့်ခြင်း၊ နည်းပြများစေလွှတ်၍ လေ့ကျင့်ပေးခြင်းဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ တွင် ရွှေတံဆိပ်များ ဆွတ်ခူးရရှိပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၌ အကျိုး ဖြစ်ထွန်းမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲ ကျင်းပရေးနှင့်ပတ်သက်၍ ပူးပေါင်း ဆောင်ရွက်မည့်လုပ်ငန်းများကို အပြန် အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်တာနက်ကျန်းမာရေးသတင်း | သက်ထွေး

ဖွံ့ဖြိုးဆဲနိုင်ငံများ၌ မိခင်သေဆုံးမှုနှုန်း ကျဆင်းခဲ့သော်လည်း ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်ရောက်ရန် အလှမ်းဝေးနေဆဲဟုဆို

ကမ္ဘာလုံးဆိုင်ရာ မိခင်သေပျောက်နှုန်းမှာ လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခု ကျော်ကာလအတွင်း ထက်ဝက်မျှလျော့ကျခဲ့သော်လည်း ကိုယ်ဝန်ဆောင်ခြင်း နှင့် ဆက်နွယ်သည့် ကုသနေစဉ်ထပ်တိုးလာသော ရောဂါများကြောင့် နှစ်မိနစ် ရှိတိုင်း အမျိုးသမီးတစ်ဦး သေဆုံးနေရဆဲဖြစ်သည်။

ကိုယ်ဝန်ဆောင်ခြင်းနှင့် ကလေးမွေးဖွားခြင်းတို့မှ အမျိုးသမီးများ သေဆုံး မှုမှာ ၁၉၉၀ ခုနှစ်တွင် ၅၄၃၀၀၀ ရှိခဲ့ရာမှ ၂၀၁၀ ခုနှစ်တွင် ၂၈၇၀၀၀ ခန့်ထိ ရှိခဲ့ပြီး ၄၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကုလသမဂ္ဂအဖွဲ့ကြီး၏ ခန့်မှန်းချက် အသစ်တစ်ရပ်ကဆိုသည်။

အရေးပါသည့် တိုးတက်မှုရှိနေသည့်ကြားမှပင် မိခင်သေဆုံးမှုနှုန်းမှာ မြင့်မားနေဆဲဖြစ်ပြီး မိခင်တို့အား ကာကွယ်စောင့်ရှောက်မှုများ ပိုမိုလုပ်ဆောင်ကြ ရန်လိုကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ ထုတ်ပြန်ချက်က သတိပေး ထားသည်။

မိခင်သေပျောက်မှု ၉၉ ရာခိုင်နှုန်းခန့်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ တွေ့ရပြီး အများစုမှာ ကာကွယ်တားဆီးနိုင်သည်ဟု ကုလသမဂ္ဂခန့်မှန်းချက်အသစ်တစ်ရပ် က ထပ်လောင်းပြောကြားထားသည်။

၂၀၁၀ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ မိခင်သေပျောက်မှုနှုန်း စုစုပေါင်း ၈၅ ရာခိုင်နှုန်းရှိခဲ့ပြီး အာဖရိကဆာဟာရဒေသတွင် သေဆုံးမှု ၅၆ ရာခိုင်နှုန်း နှင့် အရှေ့တောင်အာရှဒေသတွင် ၂၉ ရာခိုင်နှုန်းဖြစ်သည်။

မိခင်သေပျောက်နှုန်းမှာ အိန္ဒိယနိုင်ငံတွင် ၁၉ ရာခိုင်နှုန်းနှင့် နိုင်ဂျီးရီးယား တွင် ၁၄ ရာခိုင်နှုန်းရှိကာ အဆိုပါနှစ်နိုင်ငံပေါင်း မိခင်သေပျောက်နှုန်းမှာ ကမ္ဘာလုံးဆိုင်ရာ မိခင်သေပျောက်မှုနှုန်း၏ သုံးပုံတစ်ပုံရှိသည်။

အဆိုပါ စာရင်းဇယားများနှင့် ဆက်နွယ်နေသည့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ၁၉၉၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ မိခင်သေပျောက်မှု ၇၅ ရာခိုင်နှုန်းလျှော့ချရေး ထောင်စုနှစ်ဖွံ့ဖြိုးရေးဆိုင်ရာ ရည်မှန်းချက်နှင့် အလှမ်းဝေးနေဆဲဖြစ်သည်ဟု ကျွမ်းကျင်သူပညာရှင်များက သတိပေးထားသည်။ **အင်တာနက်။**



အားကစားနှင့်ကာယသိပ္ပံ(မန္တလေး) သင်တန်းသားရွေးချယ်ပွဲကျင်းပ

မန္တလေး မေ ၂၀

အားကစားဝန်ကြီးဌာန အားကစား နှင့် ကာယပညာဦးစီးဌာန အားကစား နှင့် ကာယပညာသိပ္ပံ (မန္တလေး) ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဖွင့်လှစ် သင်ကြားမည့် အားကစားနည်း ၂၂ မျိုး ၌ တက်ရောက်လေ့ကျင့်ရန် သင်တန်း သားရွေးချယ်ခြင်းကို မေ ၁၅ ရက်တွင် မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်၊ မေ ၁၆ ရက်တွင် စစ်ကိုင်းတိုင်း ဒေသကြီးနှင့် ကချင်ပြည်နယ်နှင့် မေ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး နှင့် ချင်းပြည်နယ်တို့မှ အားကစား သမားများအား ရွေးချယ်ခဲ့သည်။

အဆိုပါရွေးချယ်ပွဲသို့ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးသိန်းထွန်းလတ်၊ လေ့ကျင့်ရေးနှင့် ပညာရေးတာဝန်ခံ၊ အားကစားနည်းအလိုက် တာဝန်ခံနည်းပြ အရာရှိများနှင့် နည်းပြများက စိစစ် ရွေးချယ်ခဲ့ကြရာ အထက်မြန်မာပြည် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ အားကစားသမား ၃၄၄ ဦး လာရောက် ရွေးချယ်ခံခဲ့ပြီး သင်တန်းသား သင်တန်းသူ ၂၁၃ ဦး ရွေးချယ်ခဲ့ ကြောင်း သိရသည်။

(၄၉၆)

လယ်ယာသစ်တောနှင့် စိုက်ပျိုးရေးသင်တန်းဖွင့်

ရေစကြို မေ ၂၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် OISCA International တို့ ပူးပေါင်းဖွင့်လှစ်သော လယ်ယာသစ်တောနှင့် စိုက်ပျိုးရေးသင်တန်းအမှတ်စဉ် (၁၆/၂၀၁၁)သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၇ ရက် နံနက်က ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ပခန်းကြီးကျေးရွာ သင်တန်း ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီ၊ ဂျပန်သံရုံးမှ ဒုတိယ အတွင်းဝန် Mr.HIDEKI WATA၊ ကျောင်းအုပ်ကြီး Mr. KEISUKE FUJII တို့က သင်တန်းဖွင့်အမှာစကားပြောကြားကြပြီး ပခုက္ကူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်က သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာအကြီး အကဲများ၊ ဂျပန်သံရုံးမှ တာဝန်ရှိသူများ၊ ရေစကြိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်း နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းအုပ်ကြီးနှင့် သင်တန်း ဆရာ ဆရာမများ နှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။ (၃၇၄)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၁-၅-၂၀၁၂ (တနင်္လာနေ့)

- ၅း၄၀ “မေတ္တာစွမ်းအား” တရားတော် (ဆရာတော်ဘဒ္ဒန္တနာရဒ)
- ၉း၀၅ တက္ကသိုလ်ဘုန်းနိုင်သို့ တမ်းတမိခြင်း (၁၀)နှစ်ပြည့်နှင့် လွမ်းရမိခြင်းဂီတဆည်းဆာ
- ၁၀း၅၅ ဘဝရဲ့ချောက်ကမ်းပါးစွန်း ဖြစ်ရပ်မှန် (ပြန်ရည်ကြောကလင်း ကင်ဆာနှင့် အစာဟောင်းအိမ် ကင်ဆာ)
- ၁၂း၃၅ Myanmar Cooking Master (ဒုတိယအဆင့်) (ပွဲစဉ်-၇)
- ၄း၀၀ MNL (Southern Myanmar Vs Nay Pyi Taw) (LIVE)
- ၆း၁၅ ဗီဒီယိုပြခန်း
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အဖြူရောင်တိမ်တိုက်လေး” (အပိုင်း-၂၉)**
- ၈း၃၀ **မြန်မာရုပ်သံဇာတ်လမ်းတွဲ** “The Sign of Love” (အချစ်သင်္ကေတ)(အပိုင်း-၇)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ဘဝအားမာန်” (အပိုင်း-၄၃)**
- ၁၀း၂၀ သီချင်းကောင်းကောင်း သီးချင်းတောင်း
- ၁၀း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နှလုံးသားပုံဖော်ရာ” (အပိုင်း-၁၅)**
- ၄း၀၀ မြန်မာ့သနပ်ခါး
- ၄း၄၅ ပတ္တမြားမြေပေါ်မှ သီဂီရောင်မြင်ကွင်းများ

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် Orange Supermarket ဖွင့်ပွဲနှင့် ကုန်စည်ပြပွဲဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် မေ ၂၀

ဒဂုံမြို့နယ် တော်ဝင်စင်တာရှိ Orange Supermarket ဖွင့်ပွဲအခမ်းအနားကို မေ ၁၇ ရက် ညနေ ၆ နာရီခွဲတွင် အဆိုပါ Supermarket ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ Supermarket ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရန်ကုန်ကလေးဆေးရုံကြီးသို့ အောက်ဆီဂျင်စက် တစ်စုံကို Creation (Myanmar) Co., Ltd. မှ Chief Audit ဒေါ်ခင်စုစုထွတ်က ပေးအပ်လှူဒါန်းရာ ရန်ကုန်ကလေးဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထိုက်နှင့် ပါမောက္ခ ဌာနမှူး ပါမောက္ခ ဒေါက်တာစောဝင်းတို့က လက်ခံကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မေ ၁၈ ရက် နံနက် ၇ နာရီခွဲတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည့် The Ladie's Expo ကုန်စည်ပြပွဲ ဖွင့်ပွဲသို့တက်ရောက်အားပေးသည်။

အဆိုပါကုန်စည်ပြပွဲတွင် ကုမ္ပဏီ ၈၁ ခုတို့မှ ပြခန်းပေါင်း ၁၃၅ ခန်းဖြင့် လက်ဝတ်ရတနာများ၊ အသုံးအဆောင်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ ခင်းကျင်းပြသထားပြီး မေ ၂၁ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် Creation (Myanmar) Co., Ltd. Managing Director ဒေါ်မြင့်မြင့်ဝင်းတို့ Orange Supermarket ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

❊ ဂြိုဟ်သိမ်တစ်ခုမှ

တွန်ဂူစကာဒေသတွင် ဖြစ်ပွားခဲ့ပြီး စတုရန်းမိုင် ရာပေါင်းများစွာသော ဆိုက်ဗေးရီးယား သစ်တောများကို အရပ်ရှစ်မျက်နှာသို့ ပြိုလဲလောင်ကျွမ်းစေခဲ့သည့် ပေါက်ကွဲမှုကြီးနှင့် အလားသဏ္ဌာန်တူမည်ဟုလည်း ခန့်မှန်းထားကြသည်။

လက်ရှိအခြေအနေတွင် နက္ခတ်တာရာကြည့်မှန်ပြောင်း၌ မှိန်ပျပျသာ မြင်နေရသော 2012 DA 14 ဂြိုဟ်သိမ်သည် ကမ္ဘာမြေပြင်အထက် မိုင် ၂၁၀၀၀ အကွာအဝေးမှ ဖြတ်သန်းသွားမည်ဖြစ်ရာ ကမ္ဘာမြေမှလွှတ်တင်ထားသော ဂြိုဟ်တုများ လည်ပတ်နေသည့်ဇုန်အတွင်း ကျရောက်နေကြောင်း အဆိုပါသတင်း၌ ဖော်ပြထားသည်။

❂ ပါ့ခ်မင်ယောင်မှ

ယင်းဇာတ်ကားတွင် ပါ့ခ်မင်ယောင်က ထူးခြားဆန်းပြားသည့် ပဟေဠိဆန်သော ကောလိပ်ကျောင်းသူလေးတစ်ဦးအဖြစ် သရုပ်ဆောင်ထားသည်။

The Cat ဇာတ်ကားတွင် ပါ့ခ်မင်ယောင်နှင့်တွဲဖက်၍ မင်းသား ကင်ဒေါင်ဝုခ် ပါဝင်သရုပ်ဆောင်ထားပြီး ယင်းဇာတ်ကားကို ၂၀၁၁ ခုနှစ် ဇူလိုင်လအတွင်းက ကိုရီးယားနိုင်ငံတွင် အကြိုပြသခဲ့ပြီးဖြစ်သည်။

The Cat ဇာတ်ကားကို ဂျပန်၊ ပြင်သစ်၊ စင်ကာပူ၊ မလေးရှားနှင့် ဘရူနိုင်းနိုင်ငံတို့သို့လည်း ရောင်းချထားပြီးဖြစ်သည်။ ***အင်တာနက်။***

❖ Girls ၏ Boys မှ

တေးအယ်လ်ဘမ်မှာ ၁၆၈၉၉၈ ချပ်ခန့်နှင့် Hoot တေးအယ်လ်ဘမ်မှာ ၁၈၀၈၂၅ ချပ်ခန့် ရောင်းချနိုင်ခဲ့သည်ဟုလည်း ဆက်လက်ဖော်ပြထားသည်။

Girls' Generation ပေါ့ပ်တေးဂီတအဖွဲ့ကို ၂၀၀၇ ခုနှစ်မှစ၍ ကိုရီးယားလှပျိုဖြူလေးများဖြစ်သည့် တေယောင်၊ တင်ဖနီ၊ ဟိုယောင်၊ ဆန်နီ၊ ဂျက်စီကာ၊ ဆိုယွန်း၊ ယိုနာ၊ ဆိုယောင်းနှင့် ယူရီတို့ဖြင့် ဖွဲ့စည်းထားပြီး ၎င်းတို့အဖွဲ့၏ ရေပန်းစားလူကြိုက်များသည့် တေးသီချင်းများမှာ Gee၊ Oh!၊ Run Devil Run၊ Tell Me Your Wish၊ Mr.Taxi နှင့် The Boys တေးသီချင်းတို့ ဖြစ်သည်။

ယခုအခါ ဂျက်စီကာ၊ ယိုနာ၊ ဆိုယောင်းနှင့် ယူရီတို့မှာ သရုပ်ဆောင်လောကတွင် အခြေကျအောင်မြင်လျက်ရှိပြီး တေယောင်၊ တင်ဖနီနှင့် ဆိုယွန်းတို့က သုံးဦးတစ်ဖွဲ့ ဖွဲ့လျက် အဆိုတော်လောကတွင် ဆက်လက်လျှောက်လှမ်းလျက်ရှိကြသည်။ ဟိုယောင်နှင့် ဆန်နီတို့ကလည်း အဆိုတော်လောကတွင်သာ ဆက်လက်ကျင်လည်လျက်ရှိကြသည်။

အင်တာနက်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် စစ်ကိုင်းမြို့ ရေပေးဝေရေးလုပ်ငန်းဖွင့်ပွဲ တက်ရောက်

နေပြည်တော် မေ ၂၀

မေ ၁၇ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက်၌ ရွှေမင်းဝံရပ်ကွက်နှင့် ပတ္တမြားရပ်ကွက် ရေပေးဝေရေး လုပ်ငန်း ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

ရွှေမင်းဝံရပ်ကွက်နှင့် ပတ္တမြားရပ်ကွက် ရေပေးဝေရေးလုပ်ငန်းကို ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ ဟွန်ဒါမြန်မာကုမ္ပဏီ၊ စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ ၂၀၁၁ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၂၀၈ ဒသမ ၈ သိန်း အကုန်အကျခံ၍ ပြည်သူလူထုက ငွေကျပ် ၄၉၉ ဒသမ ၂၅ သိန်း ထည့်ဝင်ခဲ့သည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး တက်ရောက်အားပေးပြီး ရွှေမင်းဝံရပ်ကွက်ပေါ်တော်မူဘုရား ဓမ္မာရုံ၌ ရပ်မိရပ်ဖများ၊ ရပ်ကွက်ပြည်သူများနှင့် တွေ့ဆုံ၍ ပညာရေး၊ ရပ်ကွက်မီးလင်းရေးတို့အတွက် လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရွှေဘိုမြို့နယ် မူးခမ်းကြီး တံတားတည်ဆောက်ရေးအတွက် ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်အား အမျှုးထား၍ ရှိုင်းဟုတ်ကုမ္ပဏီမိသားစု၏ အလှူငွေပေးအပ်ပွဲကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ အလှူရှင် ရှိုင်းဟုတ်ကုမ္ပဏီမိသားစုက အလှူငွေကျပ် သိန်း ၄၀၀ ကို ပေးအပ်လှူဒါန်းပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီရိထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရား နာယူကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် စစ်ကိုင်းမြို့ မဟာစည်းခုံကြီးဘုရား သာသနာ့ဗိမာန် တည်ဆောက်မှု၊ မြင်းမူမြို့နယ် ပျော့ရွာတောင်သူ ဦးလှဆောင်၏ ပုလဲသွယ် စပါးမျိုး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှု၊ မြင်းမူ - အရာတော် - နောင်ကြီးအိုင်လမ်းတွင် ကတ္တရာလမ်း ၃ မိုင်၊ ကျောက်လမ်း ၁၀ မိုင်၊ အမာခံလမ်း တစ်မိုင် ခင်းကျင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြင်းမူမြို့နယ် ခွက်ခွင်းကျေးရွာ တိုက်နယ်ဆေးရုံ၌ လူနာများအား အားပေးကာ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေး၍ ဆေးပဒေသာပင် အလှူငွေများ ပေးအပ်သည်။

ထို့နောက် အရာတော်မြို့နယ် မလဲ့သာကျေးရွာ၊ မင်းရွာကျေးရွာ၊ ကန်သာကျေးရွာနှင့် ဝါးတောမကျေးရွာများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ မင်းရွာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု၊ အရာတော်-ဝါးတောမလမ်း မြေသားတာပေါင် တိုးချဲ့နေမှုနှင့် ဝါးတောမကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ အောင်ဇေယျ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

အရိပ်နေခက်ချိုး ကိုင်းကျိုးရှက်မစည်

သတိပြုဆင်ခြင်ဖွယ်ရာ မှုခင်းအဖြာဖြာ

အမြန်လမ်းပေါ်၌ ကုန်တင်ယာဉ်သွားလာမှုနှင့် တန်ပိုတင်ဆောင်မှုကြောင့် ခရီးသွားများ အသက်ဆုံးရှုံး

နေပြည်တော် မေ ၂၀

ရန်ကုန် - နေပြည်တော် - မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၂၅၈/၄)နှင့် (၂၅၈/၅)အကြား၌ မေ ၁၆ ရက် နံနက်၂ နာရီ ၄၅ မိနစ်ခန့်တွင် ဝါးများ တင်ဆောင်လာသည့် GMC ကားအား ရန်ကုန်-မန္တလေး ပြေးဆွဲနေသော GI Group မှန်လုံခရီးသည်ယာဉ်က နောက်မှဝင်ရောက်တိုက်မိသဖြင့် ယာဉ်မောင်း နှစ်ဦး၊ ယာဉ်နောက်လိုက် တစ်ဦးနှင့် ခရီးသည် နှစ်ဦးအပါအဝင် စုစုပေါင်း ငါးဦး နေရာတွင်ပင် သေဆုံးကာ ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်။

အမြန်လမ်းမကြီးပေါ်၌ ခရီးသည်တင် ကားများသာ သွားလာခွင့်ရှိပြီး ကုန်တင်ကားများသွားလာခွင့် မရှိကြောင်း စည်းကမ်းထုတ်ပြန်ထားသော်လည်း ယာဉ်မောင်း ဦးထွန်းလှဆင့် မောင်းနှင်သည့် GMC ကားသည် ဝါးများ အပြည့်ဖြင့် တန်ပိုတင်ဆောင်လာကာ တပ်ကုန်းလမ်းခွဲမှ ညအချိန် အမြန်လမ်းပေါ် ခိုးတက်မောင်းနှင်လာခဲ့ခြင်း၊ နောက်မီးနှင့် ရောင်ပြန်များ မမြင်ရခြင်းများကြောင့် လည်းကောင်း၊ ခရီးသည်တင် မှန်လုံယာဉ်သည် ခရီးသည်နှင့် လက်ဆွဲတန်ဆာအပြင် ကုန်အချို့ပါ ကားဝမ်းဗိုက်အတွင်း တန်ပိုတင်လာခြင်းကြောင့် အဆင်းတွင် အရှိန်ပိုများပြီး မထိန်းသိမ်းနိုင်သောကြောင့်လည်းကောင်း ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာနက အမြန်လမ်းတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လက်တွဲကာ ယခုထက် ပိုမိုထိန်းသိမ်းစစ်ဆေး ကြပ်မတ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရှိန်မထိန်းနိုင်သည့် ဆိုင်ကယ်တစ်စီး လမ်းဘေးထိုးကျ တိမ်းမှောက်

ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့တွင် မေ ၁၄ ရက် ည ၈ နာရီ ၄၅ မိနစ်က ဆိုင်ကယ်တစ်စီး မောင်းနှင်လာရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးလဲကျ တိမ်းမှောက်ခဲ့သဖြင့် ဆိုင်ကယ်မောင်းသူနှင့် ဆိုင်ကယ်ပေါ်ပါ ခရီးသည်တစ်ဦး ဒဏ်ရာများ ရရှိသွားသဖြင့် ယာဉ်မောင်းအား ဖမ်းဆီးအရေးယူခဲ့သည်။

ဖြစ်စဉ်မှာ မေ ၁၄ ရက်က ဒလ-တွံတေးကားလမ်းအတိုင်း ဒလမြို့ထဲမှ နာရီစင်ဘက်သို့ အရှေ့မှအနောက် ဇော်ဝင်း (၂၀)နှစ် မောင်းနှင်သည့် ဆိုင်ကယ် ၁၈ယ/.... ANBO နက်ပြာရောင်ဆိုင်ကယ်မှာ အရှိန်မထိန်းနိုင်ဘဲ နာရီစင်အဝိုင်းအနီး လမ်းဘေးလဲကျတိမ်းမှောက်ခဲ့သည်။

ဆိုင်ကယ်မောင်းသူ ဇော်ဝင်းမှာ ယာဉ်တိမ်းမှောက်မှုကြောင့် ယာခြေမျက်စိပွန်းပဲ့ သွေးထွက်ဒဏ်ရာရရှိပြီး ဆိုင်ကယ်ပေါ်ပါ သီဟကို ဘယ်ခြေသန်း ပွန်းပဲ့ဒဏ်ရာများရရှိခဲ့သည်။

အမှုကို ဒုတိယရဲအုပ်မြင့်ဦးက စစ်ဆေး၍ (ပ)၂၈၃/၂၀၁၂ ပြစ်မှုပုဒ်မ-၃၃၇ အရ ဆိုင်ကယ်မောင်းသူ ဇော်ဝင်း (၂၀)နှစ်အား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ (၆၁၁)

လမ်းဘေးရပ်ထားသည့် ကားပေါ်မှဆင်းလာသူ ဖြတ်ကျော်မောင်းသည့် ကားနှင့် တိုက်မိ

နေပြည်တော် မေ ၂၀

မေ ၁၆ ရက် ညနေ ၃ နာရီ မိနစ် ၅၀ ခန့်တွင် မြန်အောင်-ဟသာ်တ ကားလမ်း မိုင်တိုင်(၄၅/၆)နှင့် (၄၅/၇) အကြား ကညင်ငူရွာသစ်ကျေးရွာအနီး ထူးကြီးမှ မြန်အောင်သို့ အိုကီဆပ်ပြာကရင်မ် ကုန်ပို့ ၈စ/----- ကန်တာမော်တော်ယာဉ်မောင်း အောင်နိုင်ထွေး အသက်(၃၉)နှစ် ခိုင်ရွှေဝါလမ်း-၃ ရပ်ကွက် မရမ်းကုန်းနေသူ မောင်းနှင်လာသည့်ကားသည် လမ်းဘေးရပ်ထားသော ၈၄/ ဖန်းထရပ်ကားပေါ်မှ ဆင်းလာသော ဦးလှဝင်းတင် အသက် (၅၂)နှစ် ဗလန်းစိန်ကျေးရွာ မြန်အောင်မြို့နယ် နေသူ၏ နားရွက်နှင့် နောက်ကြည့်မှန် အံ့ဖွယ် ချိတ်တွဲပါလာပြီး ဦးခေါင်းယာခြမ်း၊ ယာနားရွက်၊ ယာမျက်ခုံး၊ ယာခြေမ၊ ယာ-လက်ခုံ-ညိုမည်းပေါက်ပြဲ ဒဏ်ရာများရရှိပြီး လဲကျသေဆုံးသွားကြောင်း သိရသည်။ ထို့ကြောင့် ယာဉ်မောင်း အောင်နိုင်ထွေးအား အရေးယူပေးပါရန် ရဲအုပ် ဘစော၏တိုင်တန်းချက်အရ အင်ပင်ရဲစခန်းမှ(ပ)၃/၂၀၁၂ ပုဒ်မ ၃၀၄(က) ဖြင့် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ (၅၅၂)

လွမ်းငွေ့မပြေ ချယ်ရီမြေစာအုပ် ထွက်ရှိ



စာရေးသူကြိုင်လျှမ်း၏ လွမ်းငွေ့မပြေ ချယ်ရီမြေ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

စာအုပ်တွင် ချယ်ရီမြေသို့ ခရီးအစ၊ တစ် နှစ် သုံး လေး အီကြာကွေးနှင့် ဆေးစစ်ကြရခြင်း၊ စတိတ်ခုံပေါ်တက်အိပ်ပြသူ၊ ရိပ်သာ၌ ယင်ကောင်ရိုက်ကြခြင်း၊ ပန်းကန်ကျော်သွား အမဲသား၊ ဆိုက်ထုတ်၍ ဆံသကြသူများ၊ အကြောလျှော့၍ ရယ်သောမျက်နှာ၊ ပြင်ဦးလွင်ဆောင်း၊ အက်စမာနှင့် အရသာရှိသော ဟင်းတစ်ခွက်၊ စစ်လက်ရုံး ဖြေဆိုကြရခြင်း၊ စာပေဥယျာဉ်ကြီးနှင့် စစ်တက္ကသိုလ် စာဆိုစစ်သည်များ၊ ကွန်မန်ဒိုညတိုက်ပွဲ၊ မြစ်ဖြတ်ကူး တိုက်ခိုက်ခြင်း၊ ခွန်းဆက်ခဲ့ပြီ ချယ်ရီမြေ စသည့် အခန်း(၃၂)ခန်း ပါရှိသည်။

စာရေးသူမှာ စစ်တက္ကသိုလ် အမှတ်စဉ်(၂၆)မှ အောင်စစ်သည်ဆုနှင့် စာပေထူးချွန်ဆုရရှိခဲ့သည့် ကျောင်းဆင်းအရာရှိတစ်ဦးဖြစ်ပြီး စစ်တက္ကသိုလ်ပုံရိပ်ကို ပေါ်အောင်ရေးဖွဲ့ထားသဖြင့် ဖတ်ရှုရသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

စာဖတ်ပရိသတ်အတွက် တန်ဖိုးရှိသော စာအုပ်ကောင်းတစ်အုပ်ကို စိတ်ကူးချိုချိုစာပေက တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

သူတို့ညီနောင်နှင့် ကျွန်တော် ရသစာတမ်းများစာအုပ် ထုတ်ဝေ

ဆရာဇော်ဂျီ၏ သူတို့ညီနောင်နှင့်ကျွန်တော် ရသစာတမ်းများ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ယင်းစာအုပ်တွင် သူတို့ညီနောင်နှင့် ကျွန်တော်၊ ပုဂံမြို့ဟောင်းနှင့် ကျွန်တော်၊ တိုင်းပြည်ပြု လွှတ်တော်နှင့် ကျွန်တော်၊ ပြည်ထောင်စုနှင့် ကျွန်တော်၊ အမျိုးသားအောင်ပွဲနေ့နှင့် ကျွန်တော်၊ စာအုပ်စင်နှင့် ကျွန်တော်၊ ကဗျာဝိုင်း၊ စာဝိုင်းနှင့် ကျွန်တော်၊ ဆေးရုံနှင့် ကျွန်တော် သို့မဟုတ် တတိယအတွေး၊ ကောက်ရိုး သင်္ခါရ သံသင်္ခါရ စသည့် ရသစာတမ်း ၁၅ ပုဒ်ပါရှိသည်။

အဆိုပါ စာအုပ်ကို Wisdom House စာအုပ်တိုက်က တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ဝေလိုက်သည်။

ပိဋကတ်ရသဆောင်းပါးများစုစည်းမှု-၄ စာအုပ် ဖြန့်ချိ

ပိဋကတ်ရသဆောင်းပါးများကို အဓိကထား ရေးသားလျက်ရှိသော ဆရာညွန့်ဝင်းလေးသည် ယခုထပ်မံ၍ လေးအုပ်မြောက်အဖြစ် မဂ္ဂဇင်း၊ ဂျာနယ်များတွင်ပါရှိပြီးသော စာစုများကို တစ်ဖန်ပြန်လည်စုစည်း၍ ပိဋကတ် ရသဆောင်းပါးများ စုစည်းမှု-၄ အဖြစ် ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ ယင်းစာအုပ်ကို (က)(ခ)(ဂ)ဟူ၍အပိုင်းသုံးပိုင်းခွဲ၍အဆောက်အအုံဆိုင်ရာ အာဒိတက်တို့၏ လက်ရာများအကြောင်း၊ ပြည်ပမှ ကမ္ဘာကျော်ပိဋကတ်ပညာရှင်များအကြောင်းနှင့် ၎င်းတို့ရဲ့လက်ရာနမူနာများကို ဖော်ပြထားပြီး မြန်မာနိုင်ငံမှ ပိဋကတ်ဆရာကြီးများ၊ ပညာရှင်တို့၏ အကြောင်းကို ဖော်ပြထားသည်။ ယင်းစာအုပ်ကို ဇော်ထွဋ်စာပေ ဖုန်း-၀၉-၅၀၉၀၈၁၆ မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

သဘာဝဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်နိုင်ရန် အရေးပေါ် စီမံချက်များ

ဆရာမန်းသူစေး ရေးသားသော သဘာဝဘေး အန္တရာယ်များမှ ကြိုတင်ကာကွယ်နိုင်ရန် အရေးပေါ် စီမံချက်များစာအုပ် ထွက်ရှိလာသည်။ ကမ္ဘာပေါ်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် သဘာဝဘေးဆိုးကြီးများကို ကြုံတွေ့ရခြင်းများ ဆက်တိုက်လိုလို ကမ္ဘာ့သတင်းတွင် တွေ့နေရပြီး မြန်မာနိုင်ငံတွင်လည်း ကြုံတွေ့ရမှုများရှိနေလေရာ ယင်းဘေးဆိုးကြီးများမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် စာအုပ်ထွက်ရှိလာရခြင်းဖြစ်သည်။ ဤစာအုပ်တွင် လူထုအားကို အသုံးချခြင်း၊ စိတ်ဒဏ်ထိခြင်း၊ မုန်တိုင်းကြောင့် အဆောက်အအုံပျက်စီးခြင်း၊ မီးသတ်ဘူးအရေးပေါ်သုံးစွဲခြင်း၊ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်၊ အရေးပေါ် စီမံချက်ချခြင်း၊ စီမံချက်ရေးဆွဲရာ၌ အရေးကြီးအချက်များ၊ ကယ်ပေါက်စီမံချက်များ စသည့်အခန်းများ ပါဝင်သည်။ လူတိုင်းသည် အရေးပေါ်ဘေးအန္တရာယ်ကို ကြုံတွေ့လာရသည့်အခါမှာ မည်သို့ပြုလုပ်ရမည်ကို အရေးပေါ်လေ့လာထားဖို့ လိုပါသည်။ ထိုအခါမှသာလျှင် မိမိတို့ ဘေးအန္တရာယ် ကြုံတွေ့လာရသည့်အခါ မည်သို့မည်ပုံ ပြုလုပ်ရမည်ကို နားလည်လာပါလိမ့်မည်။ ဤစာအုပ်ကို မဇ္ဈိမစာပေအမှတ် (၂၃၇) ၃၉ လမ်း ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃၊ ၀၉-၇၃၀၅၉၉၃၅ မှ ငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

စဉ်းစားခြင်းမိုးတိမ်နှင့် မစဉ်းစားခြင်းသေတ္တာ ရသစာတမ်းများစာအုပ် ထွက်ရှိ

စာရေးဆရာဇော်ထွဋ်က မဂ္ဂဇင်းများတွင် ဖော်ပြပါရှိခဲ့သော ရသစာတမ်းများဖြစ်သည့် (၁) စဉ်းစားခြင်းမိုးတိမ်နှင့် မစဉ်းစားခြင်းသေတ္တာ၊ (၂)ခွာပြာ၊ ခွာညို၊ ရွှေအိုရောင် စိတ်ကူးများကို တူးဖော်ခြင်း၊ (၃) လွမ်းမောဖွယ် သံလွင်၊ နွေဦး၊ တယောပြားလေး၊ (၄)ပြည်ငေးသူ၊ မြို့ငေးသူ၊ အိမ်ငေးသူ၊ (၅) လမင်းမှာဆိုစို့ကွယ်၊ (၆) ဝေးလွင့်ခဲ့ရသောလပြည့်ဝန်းသို့ တမ်းချင်းည၊ (၇) လှိုင်းတို့ကြွေ၊ (၈) ကူစမ်းပွဲ့ရွှေချိုးဖြူတို့ကို အပိုင်း(က)အဖြစ် ဖော်ပြထားပြီး အပိုင်း(ခ)၌လည်း (၉)ဆရာကြီး၊ (၁၀)စံကျောင်းကလေး၊ (၁၁) တသွင်သွင်စီးဆင်းနေသော ရွှေတောင်ပိဋကတ်တိုက် စသော ခေါင်းစဉ်များကို စုစည်း၍ ထုတ်ဝေလိုက်ခြင်းဖြစ်ရာ ရသခံစားလိုသော စာချစ်သူများအဖို့ အကြိုက်တွေ့မည်ဖြစ်သည်။ ယင်းစာအုပ်ကို ဇော်ထွဋ်စာပေ ဖုန်း-၀၉-၅၀၉၀၈၁၆ မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

MNL လိဂ်ကော်မတီနှင့် အသင်းပိုင်ရှင်အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)သည် မြန်မာနေရှင်နယ်လိဂ်အသင်းပိုင်ရှင်များနှင့် တာဝန်ရှိသူများပါဝင်သည့် MNL League Committee အစည်းအဝေးကို မေ ၁၉ ရက် ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် Executive Room ၌ ကျင်းပခဲ့သည်။(အောက်ပုံ)

အခမ်းအနားတွင် ဦးဇော်ဇော်က မြန်မာနေရှင်နယ်လိဂ်အား ပရိသတ်စိတ်ဝင်စားမှု ပိုမိုမြင့်တက်လာရေးနှင့် ကလပ်အသင်းများ AFC ချန်ပီယံလိဂ် ပြိုင်ပွဲအတွက်ပါ ကြိုတင်ပြင်ဆင်ထားရှိရေး၊ လာမည့်နှစ်တွင် အိမ်ကွင်း၊ အဝေးကွင်းစနစ် ပိုမိုကျင့်သုံးနိုင်ရေး၊ ကစားသမားများ၏ ပရော်ဖက်ရှင်နယ် စာချုပ်စာတမ်းများ ခိုင်မာမှုရှိရေးနှင့် ကစားသမားများကိုယ်တိုင် စာချုပ်ပါအချက်များအား သိရှိနားလည်စေရေးစသည်ဖြင့် အမှာစကားပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် အသင်းပိုင်ရှင်များနှင့် တာဝန်ရှိသူများက မိမိတို့ကြုံတွေ့ရသည့် အခက်အခဲများနှင့် လိုအပ်ချက်များအား တင်ပြဆွေးနွေးခဲ့ပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသီးသီး ရှင်းလင်းပြောကြားကြသည်။

ကော်မတီ၏ ဆွေးနွေးချက်များအရ လာမည့်နှစ် မြန်မာနေရှင်နယ်လိဂ် ၂၀၁၃ ပြိုင်ပွဲဒုတိယအကျော့တွင် ဟံသာဝတီယူနိုက်တက်၊ ဧရာဝတီယူနိုက်တက်၊ ဆောက်သမ်းမြန်မာ၊ ရက္ခပူရ၊ ဇွဲကပင် စသည့် အသင်းလေးသင်း အိမ်ကွင်း လက်ခံကျင်းပနိုင်မည်ဖြစ်ပြီး အိမ်ကွင်း၊ အဝေးကွင်းစနစ် ပိုမိုပီပြင်လာမည်ဖြစ်ကာ ပရိသတ်အားပေးမှုလည်း ယခုထက်ပိုမိုရရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် လူငယ်အသင်းများအတွက်လည်း ယခု ကျင်းပလျက်ရှိသည့် MNL Youth Competition 2012 ပြိုင်ပွဲတွင် ပထမဆု ကျပ်သိန်း ၂၀၀၊ ဒုတိယဆု ကျပ်သိန်း ၁၀၀ နှင့် တတိယဆု ကျပ်သိန်း ၅၀ အထိ တိုးမြှင့်ပေးသွားရန်လည်း အသင်းအားလုံး သဘောတူညီမှုရရှိခဲ့ကြသည်ဟု သိရသည်။

အဆိုပါအခမ်းအနားသို့ MFF ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ MNL ကလပ် အသင်းပိုင်ရှင်များနှင့် တာဝန်ရှိသူများ၊ အားကစားကလောင်ရှင်များနှင့် MFF ဌာနခွဲတာဝန်ခံများ တက်ရောက်ကြသည်။

(ဇော်မင်းအောင် - ၁၀၇)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

၂၀၁၂ ခုနှစ် မေလ ၂၂ ရက်

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့

အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ

စင်ကာပူဖလားရှုံး/ထွက်ဘောလုံးပြိုင်ပွဲတွင် ကမ္ဘောဇအသင်း ကွာတားတက်

ရန်ကုန် မေ ၂၀

၂၀၁၂ စင်ကာပူဖလား ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ပထမအဆင့်အဖြစ် မြန်မာနိုင်ငံကိုယ်စားပြု ကမ္ဘောဇအသင်းနှင့် စင်ကာပူကလပ်ဝုလန်းဝယ်လင်တန်အသင်းတို့သည် မေ ၁၉ ရက် ညနေပိုင်းက စင်ကာပူနိုင်ငံတွင် ယှဉ်ပြိုင်ကြရာ ကမ္ဘောဇအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

ကမ္ဘောဇအသင်းမှာ အနိုင်ရရှိရေး လူစုံထုတ်ကစားခဲ့ပြီး အိမ်ရှင်ကလပ်အသင်းကို ခြေစွမ်းပြကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဇအတွက်ဂိုးများကို သုံးမိနစ်တွင် စိုးမင်းဦး၊ ၆၃ မိနစ်တွင် ပယ်နယ်တီမှ တစ်ဆင့်နူနက်ဇ်တို့က သွင်းယူခဲ့ပြီး ဝုလန်းအသင်းအတွက် ခြေပဂိုးတစ်ဂိုးကို ၇၁ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ ကမ္ဘောဇအသင်းတွင် ဂိုး ကျော်ဇင်ထက်၊ နောက်တန်း ဟန်ဝင်းအောင်၊ ဟန်ဆန်၊ ဝင်းမင်းထွန်း၊ ညဏလွင်၊ အလယ်တန်း လှအေးထွေး၊ နူနက်ဇ်၊ သိန်းသန်းဝင်း(နေဝင်းအောင်)၊ မိုးအိုက်နိုင်(ဇင်မျိုးအောင်)၊ ရှေ့တန်း စိုးမင်းဦးနှင့် အိုဘီ(နိုင်ဇော်ထွန်း)တို့ပါဝင်ကစားခဲ့သည်။

ကမ္ဘောဇအသင်း**(အောက်ပုံ)**သည် ကွာတားဖိုင်နယ်တွင် ဖိလစ်ပိုင်ကလပ် လိုယိုလာအသင်းနှင့် ကစားရမည်ဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင်

ရတနာပုံအသင်းနှင့် ဟံသာဝတီယူနိုက်တက်တို့ ယှဉ်ပြိုင်နေစဉ်။

လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက် ဂိုးပြတ်နိုင်ပြီး ရတနာပုံအသင်းထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်

ရန်ကုန် မေ ၂၀

MNL Myanmar 2012 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်(၁၅) ဒုတိယနေ့ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်း၊ မန္တလေးမြို့ရှိ ဗထူးကွင်းတို့တွင် ဆက်လက်ကျင်းပသည်။

(ဗထူးကွင်း)

ရတနာပုံ-နှစ်ဂိုး

(ရန်ပိုင်နှင့်သက်နိုင်)

ဟံသာဝတီယူနိုက်တက်-ဂိုးမရှိ

ထိပ်ဆုံးတွင် ဆက်လက်ရပ်တည်နိုင်ရန် ရတနာပုံအသင်း အိမ်ကွင်းတွင် အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ ဟံသာဝတီအသင်းကလည်း နိုင်ပွဲဆက်ရန်ကြိုးစားခဲ့ရာ ရတနာပုံအသင်းနှင့် အပြန်အလှန် ကစားနိုင်ခဲ့သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ရှုံးခဲ့ရခြင်းဖြစ်သည်။ ရတနာပုံအသင်းမှာ နိုင်ပွဲဆက်ရေး ကြိုးစားခဲ့ပြီး အနိုင်ဂိုးများကို ၄၉ မိနစ်တွင် ရန်ပိုင်နှင့် ၅၇ မိနစ်တွင် သက်နိုင်တို့က သွင်းယူပေးခဲ့သည်။ ရတနာပုံအသင်းမှာ ယခုပွဲ အနိုင်ရလဒ်ကြောင့် အမှတ်ပေးဇယားထိပ်ဆုံးနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

(အောင်ဆန်းကွင်း)

ရန်ကုန်ယူနိုက်တက် - ခြောက်ဂိုး

(ဆီဇာ-သုံးဂိုး၊ ဒေးဗစ်ဒန်း၊ ကြည်လင်းနှင့် မျိုးမင်းထွန်း-တစ်ဂိုးစီ)

ချင်းယူနိုက်တက် - ဂိုးမရှိ

ကမ္ဘောဇနှင့် သရေကျခဲ့သည့်ပွဲ အပြီးတွင် နည်းပြချုပ်အဲရစ်ဝီလျံနှင့် နှစ်ဦးသဘောတူလမ်းခွဲခဲ့သည့် ရန်ကုန်အသင်းမှာ ချင်းယူနိုက်တက်ကို ဂိုးပြတ်သွင်းပြီး ဒုတိယအကျော့တွင် နိုင်ပွဲစတင်ရရှိခဲ့သည်။ ယခုပွဲတွင်လည်း အသစ်ခေါ်ထားသည့် ဘရာဇီးလ်တိုက်စစ်မှူး ဆီဇာ ခြေစွမ်းပြကာ သုံးဂိုးသွင်းယူခဲ့ပြီး နှစ်ပွဲပေါင်း ငါးဂိုးအထိ သွင်းယူထားပြီးဖြစ်သည်။ ချင်းအသင်းမှာ ရလဒ်ကောင်းရန်ကြိုးစားခဲ့သော်လည်း ယှဉ်မကစားနိုင်သောကြောင့် ဂိုးပြတ်ရှုံးသွားရခြင်းဖြစ်သည်။ ရန်ကုန်အတွက်အနိုင်ဂိုးများကို တိုက်စစ်မှူး ဆီဇာက ၁၅ မိနစ်၊ ၃၉ မိနစ်နှင့် ၆၆ မိနစ်တို့တွင် ဟက်ထရစ်သွင်းယူခဲ့ပြီး ၃၂ မိနစ်တွင် ဒေးဗစ်ဒန်း၊ ၅ မိနစ်တွင် ကြည်လင်းနှင့် ၈၁ မိနစ်တွင် မျိုးမင်းထွန်းတို့က သွင်းယူခဲ့သည်။

(သုဝဏ္ဏကွင်း)

မကွေး-တစ်ဂိုး

(ကိုနေး-ပယ်နယ်တီ)

မောရဝတီ-တစ်ဂိုး

(မျိုးသက်ထွန်း)

ယနေ့ပွဲ

(အောင်ဆန်းကွင်း)

ဇွဲကပင်ယူနိုက်တက် - ဧရာဝတီယူနိုက်တက်

(သုဝဏ္ဏကွင်း)

Southern - နေပြည်တော်

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

နိုင်ငံတကာအားကစားသတင်းများ နိုင်လင်းကြည်

အိမ်ရှင် ဘိုင်ယန်တို့ မျက်နှာပန်းမလှခဲ့သော ချယ်လ်ဆီး၏ ပထမဆုံး ချန်ပီယံလိဂ်အောင်ပွဲ

မြူးနစ် မေ ၂၀

ယူအီးအက်ဖ်အေက ကြီးမှူးကျင်းပသော ဥရောပ၏ ဂုဏ်သိက္ခာအရှိဆုံးနှင့် တန်ဖိုးအကြီးမားဆုံးဖြစ်သည့် ချန်ပီယံလိဂ်ဖလားဗိုလ်လုပွဲကို ဂျာမနီနိုင်ငံ မြူးနစ်မြို့ရှိ အလိုင်းရန့်ဇ်အရီနာကွင်း၌ မေ ၂၀ ရက်(တနင်္ဂနွေနေ့) နံနက် ၁ နာရီ ၁၅ မိနစ်က ချယ်လ်ဆီးအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးအသင်းက ချန်ပီယံလိဂ်ဖလားကို ပထမဆုံးအကြိမ်ကိုင်မြှောက်ကာ အောင်ပွဲခံနိုင်ခဲ့သည်။

အိမ်ရှင်ဘိုင်ယန်မြူးနစ်သည် ပွဲစဉ်တစ်လျှောက် ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားခဲ့သော်လည်း ၁၁ နှစ်တာကာလအတွင်း ချန်ပီယံလိဂ်ဖလားရယူမည့် မျှော်လင့်ချက်ကို ချယ်လ်ဆီးအသင်းက ဖျက်ဆီးကာ ချန်ပီယံလိဂ်ဖလားကို အင်္ဂလန်မြေသို့ အရောက်ဆောင်ကြဉ်းသွားနိုင်ခဲ့ပြီဖြစ်သည်။

ဘိုင်ယန်မြူးနစ်မှ ရီဘာရီနှင့် ရော်ဘင်တို့၏ တောင်ပံတိုက်စစ်များသည် ချယ်လ်ဆီးဂိုးပေါက်ကို ခြိမ်းခြောက်ကာ သောမတ်မူလာက အိမ်ရှင်ဘိုင်ယန်အတွက် အဖွင့်ဂိုးကို သွင်းယူနိုင်ခဲ့သည်။ သို့သော် ဗိုလ်လုပွဲစဉ်တိုင်း၌ အောင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် တိုက်စစ်မှူး ဒရော့ဘာက ချယ်လ်ဆီး၏ ဂုဏ်သိက္ခာဆည်သော ဂိုးကို ၈၈ မိနစ်တွင် ပြန်လည်သွင်းယူပေးနိုင်ခဲ့ပြီး ချန်ပီယံလိဂ်အိပ်မက်ကို ပြန်လည်အသက်သွင်းပေးခဲ့သည်။

ဘိုင်ယန်အသင်းသည် ယခုနှစ် ချန်ပီယံလိဂ်ရာသီတွင် အိမ်ကွင်းခုနစ်ပွဲ ကစားခဲ့ရာ၌ ၂၁ ဂိုးသွင်းနိုင်ခဲ့ပြီး ခုနစ်ပွဲစလုံး အနိုင်ရယူနိုင်ခဲ့သည်။ သို့သော် တိုက်စစ်မှူးများ၏ ဂိုးသွင်းမသေချာမှု၊ ရော်ဘင်၏ ပယ်နယ်တီရရှိသည့် အခွင့်အရေးကို အပြည့်အဝအသုံးမချနိုင်ခဲ့ခြင်းနှင့် ဘိုင်ယန်၏ အားထားရသည့် တောင်ပံတိုက်စစ်မှူး ရီဘာရီ ဒဏ်ရာရရှိခဲ့မှုတို့ကြောင့် ချန်ပီယံလိဂ်ဖလားကြီးကို တစ်ခါမျှကိုင်မြှောက်ကာ အောင်ပွဲမခံနိုင်ခဲ့သည့် ဧည့်သည် ချယ်လ်ဆီးအသင်းကို အိမ်အပြန်မျက်နှာပန်းလှရေး လက်ဆောင်ပေးလိုက်သည့်သဘောဟု သုံးသပ်ရမည်ဖြစ်သည်။



ချယ်လ်ဆီးအသင်း ချန်ပီယံလိဂ်ဖလားကိုင်မြှောက်ကာ အောင်ပွဲခံနေစဉ်။

ဘိုင်ယန်နှင့် ချယ်လ်ဆီးတို့သည် ပွဲကစားချိန် မိနစ် ၉၀၊ အချိန်ပို မိနစ် ၃၀ ကစားခဲ့သော်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျကာ ချန်ပီယံလိဂ်ဖလားပိုင်ရှင် အဖြေမပေါ်ခဲ့ပေ။ ထို့ကြောင့် ပယ်နယ်တီဖြင့် အဆုံးအဖြတ်ယူခဲ့သော်လည်း အိမ်ရှင်ဘိုင်ယန်အသင်း သုံးဂိုးသာသွင်းယူနိုင်ခဲ့ပြီး ချယ်လ်ဆီးအသင်းက လေးဂိုးသွင်းယူနိုင်ခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ဂိုးသမားပီတာချက်၊ ကာဟေးလ်၊ အက်ရှ်လေကိုး၊ ဒေးဗစ်လုဇ်တို့၏ ခံစစ်အားကောင်းမွန်မှုနှင့် တိုက်စစ်မှူးများဖြစ်သည့် ဒရော့ဘာ၊ တောရက်တို့၏ ထိုးဖောက်တိုက်စစ်ဆင်မှုများသည်လည်း ကြောက်မက်ဖွယ် ကောင်းလှသည်။ ချယ်လ်ဆီးအသင်း၏ ချန်ပီယံလိဂ် အသက်သွေးကြောဖြစ်သည့် ပယ်နယ်တီ နောက်ဆုံးကန်သွင်းခွင့် အခွင့်အရေးကို ဒရော့ဘာက အဆုံးအဖြတ်ပေးခဲ့ပြီး ချယ်လ်ဆီး၏ ချန်ပီယံလိဂ်ဖလား ပထမဆုံးအိပ်မက်ကို အကောင်အထည်ဖော်နိုင်ခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ်ဖလားချန်ပီယံအဖြစ် ဆက်လက်ရပ်တည်နိုင်ရေးအတွက်လည်း ချန်ပီယံလိဂ် တိုက်ရိုက်ဝင်ခွင့်ကို ရရှိခဲ့ပြီဖြစ်သည်နှင့်အညီ အသင်းပိုင်ရှင် အေဗရာမိုဗစ်ချ် အလိုချင်ဆုံးဖြစ်သည့် ချန်ပီယံလိဂ်ဖလားကို ရယူပေးနိုင်ခဲ့ခြင်းကြောင့် ယာယီနည်းပြအဖြစ် ခန့်အပ်တာဝန်ပေးထားသည့် ဒီမတ်တီယို၏ ချယ်လ်ဆီးအသင်း အမြဲတမ်းနည်းပြဖြစ်လာရေး မျှော်လင့်ချက်သည်လည်း အနာဂတ်ရောင်နီသမ်းလာခဲ့ပြီဟု ဆိုရမည်ပင်ဖြစ်သည်။

အင်တာနက်။

ယူရို ၂၀၁၂ ပြိုင်ပွဲ၌ ရွန်းနီပါဝင်ကစားနိုင်မည်လား

လန်ဒန် မေ ၂၀

အင်္ဂလန်နှင့် မန်ယူတိုက်စစ်မှူးရွန်းနီသည် ပရီမီယာလိဂ်နောက်ဆုံးပွဲစဉ်များတွင် အနည်းငယ်ဒဏ်ရာရရှိထားခြင်းကြောင့် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်က ထုတ်ဖော်ပြောကြားခဲ့သည်။

အင်္ဂလန်တိုက်စစ်မှူး ရွန်းနီသည် ဆေးဝါးကုသမှုခံယူလျက်ရှိခြင်းကြောင့် ဇွန် ၁၁ ရက်တွင် ယှဉ်ပြိုင်မည့် ပြင်သစ်အသင်းနှင့် ပွဲစဉ်နှင့် ဇွန် ၁၅ ရက်တွင် ယှဉ်ပြိုင်မည့် ဆွီဒင်အသင်းနှင့် ပွဲစဉ်များတွင် မပါဝင်နိုင်ခဲ့ပါက အုပ်စု(D)၏ အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်ဖြစ်သည့် ဇွန် ၁၉ ရက်တွင် ယှဉ်ပြိုင်မည့် ယူကရိန်းအသင်းနှင့် ပွဲစဉ်တွင် ပါဝင်ကစားနိုင်ရေး တောင်းဆိုထားကြောင်းနှင့် ဒဏ်ရာမှာလည်း မပြောပလောက်၍ ပါဝင်ကစားနိုင်မည်ဟုလည်း ယုံကြည်ထားကြောင်း ရွိုင်းဟော့ဂ်ဆန်က ပြောကြားခဲ့သည်။

တိုက်စစ်မှူးရွန်းနီသည် နော်ဝေအသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲတွင် အင်္ဂလန်အသင်းနှင့်အတူ လိုက်ပါနိုင်မည်မဟုတ်ကြောင်းနှင့် ယူရို ၂၀၁၂ ပြိုင်ပွဲမတိုင်မီ ခြောက်ရက်အလို ဇွန် ၂ ရက်တွင် ဝင်ဘလေကွင်း၌ ဘယ်လ်ဂျီယံအသင်းနှင့် ချစ်ကြည်ရေး နောက်ဆုံးပွဲစဉ်တွင် ထည့်သွင်းရန်လည်း ဆုံးဖြတ်ထားကြောင်း ရွိုင်းဟော့ဂ်ဆန်က ဆိုသည်။

ရွန်းနီသည် ပရီမီယာလိဂ်နောက်ဆုံး သုံးလေးပွဲတွင် ရရှိထားသည့် ဒဏ်ရာနှင့်ပင် ပါဝင်ကစားနိုင်ခဲ့ကြောင်း၊ လက်ရှိ အင်္ဂလန်အသင်းကစားသမားများ၏ ကျန်းမာကြံ့ခိုင်မှုသည် အရေးကြီး၍ ကိုယ့်ကိုယ်ကိုယ် ဂရုတစိုက်ရှိစေဖို့ လိုကြောင်း၊ ရွန်းနီ၏ ဒဏ်ရာသည် မကြာမတင်အချိန်တွင်ပြန်လည်ကောင်းမွန်လာမည်ဟု မျှော်လင့်ထားခြင်းကြောင့် ယူရို ၂၀၁၂ ပြိုင်ပွဲအတွက် မေ ၂၉ ရက်တွင် အတည်ပြုထုတ်ပြန်မည့် အင်္ဂလန်အသင်း၏ ကစားသမားစာရင်းတွင် ရွန်းနီပါဝင်မည်ဖြစ်ကြောင်း ရွိုင်းဟော့ဂ်ဆန်က ပြောကြားခဲ့သည်။

အင်တာနက်။

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း စခန်းသွင်းလေ့ကျင့်လျက်ရှိသော အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ် သေနတ်ပစ်အားကစားကွင်းသို့ရောက်ရှိပြီး မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထက်ညီနှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ စီမံဆောင်ရွက်သွားရန်မှာကြား၍ ၁၀ မီတာ၊ ၂၅ မီတာနှင့် မီတာ ၅၀ သေနတ်ပစ်ပြိုင်ကွင်းအခြေအနေများနှင့် စားရိပ်သာ၊ အိပ်ဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သေနတ်ပစ်အားကစားသမားများ၏ လေ့ကျင့်နေမှုများ ကြည့်ရှုအားပေးပြီး အားကစားလေ့ကျင့်ရေးဝတ်စုံများ ပေးအပ်ကာ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာသေနတ်ပစ်အဖွဲ့ချုပ် အသိအမှတ်ပြု (B)လိုင်စင်သင်တန်းသို့ တက်ရောက်အောင်မြင်ခဲ့ကြသော သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ အားကစားသမားများ၏ လေ့ကျင့်နေမှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်မှ မြင်းစီးအားကစား တန်းကျော်လေ့ကျင့်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်သွားရန် မှာကြားသည်။

ဆက်လက်၍ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီး၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသော ကရာတေးဒို၊ ဘိလိယက်နှင့် စနူကာအားကစားသမားများအားတွေ့ဆုံ၍ လေ့ကျင့်ရေးဝတ်စုံများပေးအပ်ပြီး မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ အားကစားသမားများအားလည်းကောင်း တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုက်ကွမ်ဒို၊ ဘော်လီဘောနှင့် အလေးမအားကစားသမားများ၊ အုပ်ချုပ်သူ/နည်းပြများအား တွေ့ဆုံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွန့်ဝင်းနှင့် အမှုဆောင်များအားလည်းကောင်း၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများအားလည်းကောင်း ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဦးဝိစာရလမ်းရှိ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ ရေကူးနှင့် ဒိုင်ဗင်အားကစားသမားများ၏ လေ့ကျင့်နေမှုများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ အားကစားသမားများ၏ လေ့ကျင့်နေမှုများနှင့် မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်မှ အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး အားကစားဝတ်စုံများ ပေးအပ်ကာ အားကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တွေ့ဆုံအားပေး

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း စခန်းသွင်းလေ့ကျင့်လျက်ရှိသော အားကစားသမားများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

သတင်းအညွှန်း

“ ခက်နေသည်က မျိုးဆက်သစ်အားကစားသမားများ ရရှိရေး၊ ရှေးဆယ်စုနှစ်များ ကတည်းကပင် နည်းစနစ်မှန်မှန်ဖြင့် အားကစားလိုက်စားခဲ့သော လူငယ်လူရွယ်များရှိလျှင် ယခုကဲ့သို့ နီးမှ ပျာယာခတ် ရှာဖွေပြင်ဆင်နေရသော အခက်အခဲမျိုး ကြုံကြရမည်မထင် ”

အေးမြင့်ကြူ(စစ်တက္ကသိုလ်)၏

ဆောင်းပါး စာမျက်နှာ - ၆

“ ဟန်းဖုန်းတွေ အသုံးများလာတာနဲ့ အမှု လျှပ်စစ်ဓာတ်အားပါ တစ်ပါတည်း သုံးစွဲမှု ပိုလာ၊ လိုအပ်လို့ ဖုန်းစကားပြောခြင်းထက် သီချင်းနားထောင်တာ၊ ဂိမ်းကစားတာ ပိုများ၊ ဖုန်းအားသွင်းဖို့ ကျတော့လျှပ်စစ်ဓာတ်အားက အဓိကပဲမို့ အသုံးထက် အဖြုန်းမပိုစေချင် ”

မခင်ထား(တိုင်းရင်းဆေး) ၏

မပြောမပြီးမတီးမမြည် စာမျက်နှာ - ၇

ဂြိုဟ်သိမ်တစ်ခု ကမ္ဘာမြေနှင့် အလွန်နီးကပ်လာဖွယ်ရှိ

နောက်ဆုံးစူးစမ်းလေ့လာတွေ့ရှိချက်တစ်ခုအရ ပေ ၁၅၀ ခန့် ကျယ်ဝန်းကြီးမားပြီး တန်ချိန် ၁၄၀၀၀၀ ခန့်ရှိသည့် ဂြိုဟ်သိမ်တစ်ခုသည် လာမည့် ဖေဖော်ဝါရီလအတွင်း ကမ္ဘာမြေနှင့် အလွန်နီးကပ်လာဖွယ်ရှိရာ ကမ္ဘာပတ်လမ်းကြောင်းအတွင်းတွင် ရှိနေသော ဆက်သွယ်ရေးဂြိုဟ်တုများနှင့် တိုက်မိနိုင်ကြောင်း မေ ၁၉ ရက်က သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

စပိန်နိုင်ငံရှိ လာစရာဂါ နက္ခတ်မျှော်စင်မှ နက္ခတ်ပညာရှင်များက ရှာဖွေတွေ့ရှိခဲ့သည့် "2012 DA 14" ဟု အမည်ပေးထားသော အဆိုပါဂြိုဟ်သိမ်သည် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကမ္ဘာမြေအနီးမှ ဖြတ်သန်းသွားနိုင်ကြောင်း ခန့်မှန်းထားရာ ကမ္ဘာပတ်ဂြိုဟ်တုများနှင့် တိုက်မိနိုင်သည့် အလားအလာလည်းရှိသည်ဟု ဆိုသည်။

အမေရိကန်ပြည်ထောင်စု အမျိုးသားလေကြောင်းနှင့် အာကာသအေဂျင်စီ (နာဆာ)ကမူ အဆိုပါဂြိုဟ်သိမ်နှင့် ကမ္ဘာမြေတို့ တိုက်မိနိုင်မည့်ဖြစ်နိုင်ခြေမှာ သုည ဒသမ ဝ၃၁ ရာခိုင်နှုန်းရှိကြောင်းနှင့် အကယ်၍သာ တိုက်မိခဲ့ပါက ပြင်းအား ၂ ဒသမ ၄ မီဂါတန်ရှိသော ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်လာမည်ဖြစ်ရာ ၁၉၀၈ ခုနှစ်က ရုရှားနိုင်ငံ

စာမျက်နှာ ၉ ကော်လံ ၁ သို့

ဇင်ထူး



၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် "2012 DA 14" ဂြိုဟ်သိမ် ကမ္ဘာမြေအနီးမှ ဖြတ်သန်းသွားမည့် ပုံကို တွက်ပြထားစဉ်။

ပေါ့ခ်မင်ယောင်၏ သရဲကား ဂျပန်နိုင်ငံတွင် ဖြန့်ချိပြသမည်

နာမည်ကျော် ကိုရီးယားမင်းသမီး ပေါ့ခ်မင်ယောင်၏ The Cat အမည်ရှိ သရဲကားကို လာမည့်သီတင်းပတ်တွင် ဂျပန်နိုင်ငံ၌ ဖြန့်ချိပြသသွားမည်ဖြစ်ကြောင်း ယင်းဇာတ်ကား အရောင်းမြှင့်တင်ရေးကုမ္ပဏီက ထုတ်ပြန်ကြေညာသည်။

ဇာတ်ကားအရောင်းမြှင့်တင်ရေးကုမ္ပဏီက The Cat ဇာတ်ကားကို မေ ၂၆ ရက်မှစ၍ ဂျပန်နိုင်ငံတစ်ဝန်း ဖြန့်ချိပြသသွားမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁သို့

ရောင်းအားကောင်းလျက်ရှိသည့် Girls' ၏ Boys

ကိုရီးယားနှင့် အာရှဒေသ၌ လူကြိုက်များနေသည့် ကိုရီးယားအမျိုးသမီး ပေါ့ပ်တေးဂီတအဖွဲ့ Girls' Generation ။

ကိုရီးယားနှင့် အာရှတစ်ဝန်းတွင် နာမည်ကျော် ရေပန်းစားလူသိများလျက်ရှိသည့် ကိုရီးယားအမျိုးသမီး ပေါ့ပ်တေးဂီတအဖွဲ့ Girls' Generation ၏ တတိယမြောက်တေးအယ်လ်ဘမ် "The Boys" မှာ အချပ်ရေ လေးသိန်းကျော်ရောင်းချနိုင်ခဲ့ပြီဖြစ်ကြောင်း ကိုရီးယားတေးဂီတထုတ်လုပ်ရေးအဖွဲ့အစည်းက ထုတ်ပြန်ကြေညာသည်။

အဆိုပါအဖွဲ့အစည်းက Girls' Generation ၏ The Boys တေးအယ်လ်ဘမ်သည် ယမန်နှစ် အောက်တိုဘာလနှောင်းပိုင်းမှစ၍ ခြောက်လကျော်ကာလအတွင်း ၄၁၀၅၄၂ ချပ်ခန့် ရောင်းချနိုင်ခဲ့သည်ဟု ဆိုသည်။

ယခုအချိန်ထိ Girls' Generation တေးဂီတအဖွဲ့၏ Oh! တေးအယ်လ်ဘမ်မှာ ၂၁၈၅၂၂ ချပ်ခန့်၊ Run Devil Run

စာမျက်နှာ ၉ ကော်လံ ၁ သို့❖